ကတညုတာ စေတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၂၉ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၀၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံစစ်သံမှူးများအား လက်ခံတွေ့ဆုံ

ရန်ကုန် မေ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံစစ်သံမှူး Senior Colonel Xu Shulai နှင့် စစ်သံမှူးအသစ်အဖြစ်တာဝန်ထမ်းဆောင်မည့် Senior Colonel Ma Shoudong တို့အား ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တာဝန် ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စစ်သံမှူးSenior Colonel Xu Shulaiနှင့် စစ်သံမှူး အသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Senior Colonel Ma Shoudong တို့အားရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

ငွေသာ ရေလှောင်တမံ

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်ရှိ ငွေသာရေလှောင်တမံစီမံကိန်းသည် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ရာ ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်၊ တမံနှင့်ရေသိုလှောင်မည့်ဆည်ကြီးကို ဤသို့ခံ့ညားထည်ဝါစွာ တွေ့ရသည်။
(သတင်းဆောင်းပါး–ကျော်ဖုံး) ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

ချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမြတ်သောအစဉ်အလာသယ်ဆောင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားဖြစ်ထွန်းရေးဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူ၍ ဖြစ်လာမည့်နယ်မြေဒေသကြီးအတွင်း ရှေးပဝေသဏီနှစ်ပေါင်း သန်းချီသည့် ကာလကစတင်၍ မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမ လူမျိုးစုများသည် ခေတ် အဆက်ဆက်တွင် မိမိတို့အသိုင်းအဝိုင်းအလိုက် ရေကြည်ရာမြက်နုရာ လှည့်လည်စုဖွဲ့နေထိုင်လာခဲ့ကြသည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်သည်။

သမိုင်းခေတ်အဆက်ဆက်တွင် မိမိတို့တိုင်းရင်းသား ညီအစ်ကိုမောင်နှမသွေးချင်းများ တစုတစည်းတည်း ပေါင်းစည်းနေထိုင်ခဲ့ကြသည်မှာ သမိုင်းကပေးလာသည့် အလွန်ကောင်းမြတ်သော အစဉ်အလာပင် ဖြစ်သည်။

ကိုလိုနီနယ်ချဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုခံခဲ့ရပြီးနောက်တွင် ကိုလိုနီနယ်ချဲ့များက မြန်မာတိုင်းရင်းသားလူမျိုးစုများကို ဝေးလံသည့် မတူညီသော ဒေသအသီးသီးက မြန်မာနိုင်ငံအတွင်း လာရောက်နေထိုင်ကြသည့် သူစိမ်းတစ်ရံဆံများဖြစ်သည်ဆိုသည့် သဘောထား အယူအဆများ သွတ်သွင်းလာခဲ့ပြီး တိုင်းရင်းသားတစ်မျိုးနှင့် တစ်မျိုး အဆက်အဆံမရှိစေရန် သွေးခွဲအုပ်ချုပ်ခဲ့ရာမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သံသယစိတ်ထားများ စတင်ဖြစ်ပေါ်လာခဲ့ရသည်။

အမြော်အမြင်ကြီးမားသည့် တိုင်းရင်းသားခေါင်းဆောင်ကြီးများက ပင်လုံမြေတွင်စုစည်းပြီး တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ တစ်သွေးတစ်သံတည်းသော စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းကို ပြန်လည်ဖော်ထုတ် တည်ဆောက်ခဲ့ကြသဖြင့် မြန်မာ့လွတ်လပ်ရေးနှင့်အတူ ပြည်နယ်၊တိုင်းများဖြင့်ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြီးလည်း သန္ဓေတည်ပေါက်ဖွားဖြစ်တည်လာခဲ့ရခြင်း ဖြစ်သည်။

တပ်မတော်အစိုးရခေတ်ကာလတွင် တောင်ပေါ်မြေပြန့်၊ နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသကွဲပြားမှုများ ပပျောက်စေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ရင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ယနေ့ဆိုလျှင် နယ်စပ်ဒေသများအားလုံးတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံများ မျှတစွာဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး တိုင်းရင်းသား သွေးချင်းသားရင်း ညီအစ်ကိုမောင်နှမများအကြား ဆက်သွယ်ဆက်ဆံမှုများ တိုးပွားဖြစ်ထွန်းကာ တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုလည်း ပိုမို တိုးတက်ခိုင်မြဲနေပြီဖြစ်သည်ကို တွေ့နိုင်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၎င်း၏ဖိတ်ကြားချက်အရ ၂၀၀၄ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်တွင် ပါဝင်ဆင်နွှဲခဲ့ကြသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားတိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဧပြီလ ၁၈ရက်နေ့ ညပိုင်းတွင် ရန်ကုန်မြို့ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌–

“ဤကဲ့သို့ သမိုင်းနှင့်ချီ၍ ဖြစ်ထွန်းလာခဲ့သည့် အစဉ်အလာကောင်းများနှင့်အညီ မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအတွင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ရင်းနှီးချစ်ကြည်ပျော်ရွှင်စွာ မိသားစုအသွင်ဖြင့် နေထိုင်ခဲ့ကြသည်မှာ များစွာဝမ်းမြောက်ဖွယ်ပင်ဖြစ်ကြောင်း၊ ယနေ့ ဆုံစည်းကြရသကဲ့သို့ နောင်တွင်လည်း အမြဲထာဝရ စည်းလုံးညီညွတ်စွာ ဆုံစည်းကြမည်ဟု ယုံကြည်မျှော်လင့်ထားကြရမှာဖြစ်သလို “ဘယ်သူခွဲခွဲ ဒို့မကွဲ”ဆိုသည့် သဘောထားခံယူချက်ကိုလည်း အမြဲထာဝရ ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုကြောင်း”

ပြောကြားသွားခဲ့သည်။

သမိုင်း၏အခိုက်အတန့်တစ်ခုတွင် အနေဝေးခဲ့ရသည့် တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများ အနေနီးပြီး ဆက်သွယ်ဆက်ဆံမှုများ တိုးတက်ဖြစ်ထွန်းနေသည့် အခြေအနေ အချိန်အခါကောင်းတွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ပိုမိုနီးစပ် ဆက်ဆံမိစေရန်၊ ဒေသတစ်ခု၏ ယဉ်ကျေးမှုဓလေ့ စရိုက်များကို အခြားဒေသတစ်ခုမှ ပိုမိုနားလည်ပြီး ချစ်ကြည်ရင်းနှီးမှုများတိုးပွားစေရန် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် အတူတကွလက်တွဲဆင်နွှဲသည့်အစီအစဉ်များ နိုင်ငံတော်က စီစဉ်ဆောင်ရွက် ပေးခြင်း ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအနေဖြင့် ရရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမြတ်သောအစဉ်အလာများကို မိမိတို့ဒေသများသို့ ပြန်လည်သယ်ဆောင်သွားပြီး မိမိတို့ သွေးချင်း သားရင်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်နှင့် ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည် ဟူသည့် သဘောထားခံယူချက်များ တိုးပွားဖြစ်ထွန်းခိုင်မြဲစေရေး စည်းရုံးဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လမ်း၊တံတားလုပ်ငန်းများ စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်းပြီးစီးရေး တိုင်းမှူး ဗိုလ်ချုပ်သာအေးမှာကြား

ရန်ကုန် ဧပြီ ၂၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၀ ရက် နံနက်ပိုင်းက မုံရွာ–ယာကြီး–ကလေးဝလမ်းပေါ်ရှိ ယမားချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တိုင်းမှူးအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူး ဦးခင်မောင်တင်က လမ်းနှင့်တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လမ်းနှင့်တံတားလုပ်ငန်းများကို စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတံတားသည် အကျယ် ၁၂ ပေခွဲရှိ သစ်သားတံတား ၆၇ ပေနှင့် တစ်လွှာတစ်ထပ် ဘေလီကြိုးတံတား ပေ ၁၅၀ ပါရှိသည့် တံတားအမျိုးအစားဖြစ်ပြီး စုစုပေါင်းအရှည် ၈၄၇ ပေရှိကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဆားလင်းကြီးမြို့နယ် ငွေသာရေလှောင်တမံစီမံကိန်းသို့လည်းကောင်း၊ ဆားလင်းကြီး ရေလှောင်တမံစီမံကိန်းသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် တိုင်းမှူးသည် ညောင်ပင်အိုင်တောရကျောင်းသို့ရောက်ရှိပြီး ညောင်ပင်အိုင်တောရကျောင်းဝင်းအတွင်း စေတီပုထိုးများ ပြုပြင်မွမ်းမံထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၄–၄–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀ ၆။ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“သမ္မာဏကောပမသုတ်”**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅ ၄။ ချစ်သူစုံတွဲတူယှဉ်နွှဲ
၄း၂၅ ၅။ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀ ၇။ မြန်မာသံစဉ်ချိုနှာဝင်
၄း၅၀ ၈။ မျိုးချစ်တပ်မတော်
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Frequency Distribution Tuble (စီးပွားရေး၊ စီပွားစီမံ၊ အိမ်တွင်းစီးပွား)
၅း၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ဝင်းပပလှသူလေးရယ်”** (အပိုင်း–၂)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သစ္စာမဏ္ဍိုင်”** (အပိုင်း–၃၅)

မာရ်အောင်ရတနာ စေတီတော်မြတ်ကြီး အနေကဇာတင် ထီးတော်တင်လှူပူဇော်မည်

ရန်ကုန် ဧပြီ ၂၃

ရောဝတီတိုင်း ဟင်္သာတမြို့နယ် ဒူးယားတိုက်နယ် အုန်းပင်ကွင်းကျေးရွာအုပ်စု သင်္ကန်းအိုင်ဆိပ်ကျေးရွာရှိ သင်္ကန်းအိုင်ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဘဒ္ဒန္တဝါသဝမထေရ် အရှင်သူမြတ်ကြီးမိန့်မှာချက်အရ သင်္ကန်းအိုင်ဆရာတော် ဘဒ္ဒန္တပုညကာမိ အရှင်သူမြတ်နှင့် ဒါယကာ၊ ဒါယိကာမများ တည်ထားကိုးကွယ်သော မာရ်အောင်ရတနာစေတီတော်မြတ်ကြီး ပြီးစီးအောင်မြင်ပြီးဖြစ်၍ (၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၁၀ ရက်)တွင် ထီးတော်များ စတင်တင်လှူပူဇော်ပြီး ကဆုန်လပြည့်နေ့ နံနက်တွင် အနေကဇာတင်အခမ်းအနားပြုလုပ် ရေစက်သွန်းချ၍ အမျှဝေမည်ဖြစ်ရာ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နေ ဦးသန်းလွင်–ဒေါ်ရီရီမြင့်အား အမှူးထား၍ သားဖြစ်သူ ပီတာလွင်၏ သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေး အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဒေါ်မေဝင်းအောင်ခင်ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဟိုတယ်များ အဆင့်အတန်းသတ်မှတ်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်မြို့ရှိ ဟိုတယ်များ၏ အဆင့်အတန်းသတ်မှတ်ရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၁ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ တက်ရောက်၍ အမှာစကားပြောကြားသည်။

အစီအစဉ်အရ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်က ဟိုတယ်များ အဆင့်သတ်မှတ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသော ခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များကလည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့် ဟိုတယ်များ ကိုယ်စား Myanmar Marketing Committee ဥက္ကဋ္ဌ Mr. Raymond Bragg ကလည်းကောင်း၊ ရန်ကုန်မြို့ရှိ အခန်း ၄၀ အထက်ရှိ ဟိုတယ်များ၊ အခန်း ၄၀ အောက်ရှိ ဟိုတယ်များနှင့် အခန်း ၂၀ အောက်ရှိ ဟိုတယ်များမှ လုပ်ငန်းရှင်များက လည်းကောင်း၊ ဟိုတယ်များကို အပြည်ပြည်ဆိုင်ရာ သတ်မှတ်လေ့ရှိသော စနစ်ကဲ့သို့ ကြယ်ပွင့်ဖော်ပြအဆင့်သတ်မှတ်နိုင်ရေး၊ ဒုတိယအဆင့်အနေဖြင့် ဈေးနှုန်းများကိုပါ သတ်မှတ်နိုင်ရေးတို့ကို အကြံပြုဆွေးနွေးတင်ပြကြသည်။ **(သတင်းစဉ်)**

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး ငွေလှူဒါန်း ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်လက်ခံယူ၍ကျေးဇူးတင်စကားပြောကြား

ရန်ကုန် မေ ၂၃

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အလှူငွေလာရောက်ပေးအပ်သော မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.R.K Bhatia နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရှင်းလင်းပြောကြားပြီး အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးက ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး အတွက် အလှူငွေလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.R.K Bhatia က မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ရေရှားပါးသော ကျေးလက်ဒေသများ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အမေရိကန်ဒေါ်လာ ၂၂၅၀၀ ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ဆုတောင်းပြည့်ကြေးတော်ကြီးဘုရားပူဇော်ပွဲနှင့် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်အလှူတော်ကျင်းပ

ရန်ကုန် မေ ၂၃

ရန်ကုန်မြို့ တောင်ဥက္ကလာပ မြို့နယ်(၅)ရပ်ကွက်ရှိ အမှတ်(၃)ဝိုင်း ဒေးဒရဲကျောင်းတိုက်၌သီတင်းသုံးအပူ ဇော်ခံလျက်ရှိတော်မူသော တိလောကာ ဓိပတိ မဟာမုနိ ပေးမကုန်ဘေးလုံ ဒေသစာရီကိုးနဝင်းဆုတောင်းပြည့် ကြေးတော်ကြီးဘုရား ပူဇော်ပွဲနှင့် စုပေါင်း ရဟန်းခံ၊ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ကြေးတော်ကြီးဘုရား ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသထံမှဘုရား ဒါယကာ ဒါယိကာမ အလှူရှင် ဦးသက်-ဒေါ်မြင့်မြင့် (မိဘမေတ္တာရွှေ ဥဿာ)နှင့်အလှူရှင်များက ကိုးပါးသီလခံယူဆောက်တည် ကြပြီး ဆရာတော်သံဃာတော်များ အား လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက်ဆရာတော်သံဃာတော် များက မေတ္တသုတ်ပရိတ်တရား တော်များကို ရွတ်ပွားသရဇ္ဈာယ် တော်မူကြပြီး အနုမောဒနာတရား တော်ကိုဟောကြားချီးမြှင့်တော်မူကာ အလှူရှင်များက လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချအမျှပေးဝေ ကြသည်။

ဆုတောင်းပြည့် ကြေးတော်ကြီး ဘုရား သီတင်းသုံးအပူဇော်ခံရာသို့ မည်သူမဆို လာရောက်ဖူးမြော်ပူဇော် လှူဒါန်းနိုင်ကြကြောင်း သတင်းရရှိ သည်။ **(က-ပ)**

အနောက်ပိုင်းခရိုင် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲဖွင့်

ရန်ကုန် မေ ၂၃

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်း ခရိုင်က ကြီးမှူး၍ မေ ၁ရက် နံနက် ၁၀ နာရီက လမ်းမတော်မြို့နယ် အမှတ်(၅)ရပ်ကွက်၊ အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့် စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ချို တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။ **(ယာပုံ)**

အခမ်းအနားတွင် ခရိုင်ဦးစီး အရာရှိက မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး၊ လူငယ်နှင့်အနာဂတ် တာဝန်၊ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရသည့်အကြောင်း ဟောပြော သည်။

(ခရိုင်ပြန်/ဆက်)

အမှတ် ၇၅ စက်မှုလက်မှု ၄ လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ဒေါ်ကြူးစိန် အသက်(၈၀)ပြည့်မွေးနေ့အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဗြဟ္မစိုဟာရပရိယတ္တိစာသင်တိုက် ၁၆/၂ အပိုင်း သဃ်န်းကျွန်းရှိ နာရေးကူညီမှုအသင်း(ရန်ကုန်) မှ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)က လက်ခံ ယူစဉ်။ (က-ပ)

ကဆုန်ညောင်ရေသွန်းပွဲတော်နှင့်တရားစခန်းပွဲ

ရန်ကုန် မေ ၂၃

ပဲခူးတိုင်း အုတ်ဖိုမြို့ ကျွန်းကုန်း မိုးကုတ် ဝိပဿနာအမြဲတမ်း တရား စခန်းရိပ်သာကြီးတွင် ကဆုန်ညောင် ရေသွန်း ပွဲတော်ကို မေ ၃ ရက် (ကဆုန်လပြည့်နေ့) နံနက် ၇နာရီတွင် ကျင်းပမည်ဖြစ်ပြီး ကဆုန် အထူး တရားစခန်းပွဲကို မေ ၁ ရက်မှ ၉ ရက် အထိ ကျင်းပမည်ဖြစ်ရာ ကျေးဇူး တော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး ပဋိစ္စသမုပ္ပာဒ် တရား တော်များကို မိုးကုတ် ဓမ္မကထိက သဒ္ဓမ္မဇောတိက သီဟသုဓမ္မမဏိ ဇောတဓရ ဆရာကြီး ဦးမြင့်ဆွေက ခုနစ်ရက်တိုင်တိုင် ဟောပြောညွှန်ပြ ကျေးဇူးဆပ်မည်ဖြစ်ကြောင်း သိရ သည်။ **(က-ပ)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ ခုနှစ် ဧပြီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

၂၀၀၄ခုနှစ် ဧပြီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
၂၅-၄-၂၀၀၄ ရက်နေ့၊ ၂၀၀၄ခုနှစ် မေလအတွက်
၉-၅-၂၀၀၄ ရက်နေ့ နှင့် ၃၀-၅-၂၀၀၄ရက်နေ့

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆမှုများမှာ အချို့သည် ခါးပတ်မပတ်ကြ၍ မလိုလားအပ်သော ထိခိုက်ဒဏ်ရာရ သေဆုံးမှုများ ဖြစ်ကြရပါသည်။ သို့ပါ၍ ခါးပတ်ပါရှိသော ဆလွန်း၊ ဗင်နှင့် စတေရှင်ဝပ်ဂွန် အပါအဝင် ခါးပတ်ပါသော ယာဉ်များပေါ်တွင် မောင်းနှင်စီးနင်းကြသူများအနေဖြင့် ခါးပတ်ပတ်၍ စီးနင်းကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

စမ်းချောင်း ရှာဦးစေတီဘုရားပွဲ

ရန်ကုန် မေ ၂၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန် တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြင့်မိုရ် လမ်းရှိ ရှာဦးသဲပုံစေတီတော် ဗုဒ္ဓ ပူဇနိယပွဲကို ကိုးရက်တိုင် ကျင်းပမည် ဖြစ်ရာ မေ ၂၄ ရက် ညနေတွင် သံဃာတော်အပါး ၂၀တို့မှ မော်တော် ယာဉ်ဖြင့် ရပ်ကွက်၊လမ်းအသီးသီးသို့ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ မေ ၂၅ ရက် နံနက် ၉ နာရီမှ ၂၉ ရက် ညနေ ၅ နာရီအထိ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ မေ ၃၀ ရက် ညတွင် မြသိန်းတန် အောင်ဓမ္မာရုံ ဝတ်အဖွဲ့မှ ဝတ်ရွတ်ဖတ်ပူဇော်ခြင်း၊ မေ ၁ ရက် မွန်းလွဲတွင် ဗုဒ္ဓရုပ်ပွား တော်မြတ်နှင့် ရှာဦးသဲပုံစေတီဘုရား ထီးတော်များ ဒေသစာရီ ရပ်ကွက် လမ်းများသို့ ကြွချီအပူဇော်ခံ၍ ထိုနေ့ ညနေ ၃ နာရီမှစ၍ ဆွမ်းတော်ပွဲ ပို့သူများနှင့် ဧည့်ပရိသတ်တို့ကို ကျွေးမွေးဧည့်ခံပြီး မေ ၂ ရက်တွင် ဘုံဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုများကို ပင့်သံဃာ ၅၀ တို့အား ကပ်လှူ၍ ရေစက်သွန်းချအမျှပေးဝေ မည်ဟု သိရသည်။ **(က-ပ)**

အီရတ်သို့ ကုလသမဂ္ဂအမှုထမ်းများပြန်သွားရေး လုံခြုံရေးအခြေအနေကြောင့် ကြန့်ကြာနေဦးမည်

ကုလသမဂ္ဂ ဧပြီ ၂၃

အီရတ်နိုင်ငံတွင် ကုလသမဂ္ဂ၏အခန်း အရေးပါမှုကို နိုင်ငံတကာဆိုင်ရာက တိုက်တွန်းပြောဆိုနေကြလင့်ကစား အီရတ်၏လုံခြုံရေးအခြေအနေကြောင့် ကုလသမဂ္ဂအမှုထမ်းများ အီရတ်သို့ပြန်သွားရေးသည် ဆက်လက် ကြန့်ကြာဖွယ်ရှိသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်။

နိုင်ငံအများအပြားသည် ကုလသမဂ္ဂအား အီရတ်၌ အရေးကြီးသော ကဏ္ဍမှဆောင်ရွက်ရန် မျှော်လင့်လျက်ရှိကြကြောင်း၊ မိမိတို့အနေဖြင့် အရေးပါသောအခန်းကဏ္ဍကို ဆောင်ရွက်လိုသော်လည်း အခြေအနေက မိမိတို့အား ထိုသို့နှောင့်နှေးကြန့်ကြာမှုကို ဖြစ်စေကြောင်း အာနန်က သတင်းထောက်များကို ပြောကြားသည်။

အကျိုးသက်ရောက်

လုံခြုံရေး အခြေအနေသည် မိမိတို့၏ဆုံးဖြတ်ချက်နှင့် မိမိတို့ လုပ်ရှားမှုများအတွက် အလွန်အကျိုးသက်ရောက် အရာထင်စေကြောင်း အာနန်က ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်မှု လျော့သွားစေမည့် ကြိုးပမ်းအားထုတ်မှုများ အောင်မြင်မည်ဟု မိမိတို့ မျှော်လင့်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အီရတ်နိုင်ငံ၏ အခြေအနေ ပြန်လည်တည်ငြိမ်စေရန်အတွက် နိုင်ငံတကာဆိုင်ရာ အထောက်အကူလိုအပ်ကြောင်းကို ဝန်ခံပြောကြားသော်လည်း အီရတ်၌ ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းသူများ ဖြန့်ချထားရေး ဖြစ်နိုင်ဖွယ်ကိစ္စကို မစ္စတာအာနန်က ငြင်းလိုက်သည်။

ဇွန် ၃၀ ရက်၌ အချုပ်အခြာအာဏာလွှဲပြောင်းပေးပြီးသည့်အခါ နိုင်ငံစုံတပ်ဖွဲ့ဖြန့်ချရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အခွင့်အမိန့်ပေးထားကြောင်း ၎င်းကပြောဆိုသည်။

လိုအပ်

လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးရန်ကြိုးပမ်းရာတွင် အထောက်အကူလိုအပ်ကြောင်း ၎င်းက ပြောဆိုသည်။

အာနန်၏ အထူးအကြံပေး ပုဂ္ဂိုလ် လက်ခ်ဒါဘရာဟီမီသည် ဇွန် ၃၀ရက်မတိုင်မီ အီရတ်၌ ကြားဖြတ်အစိုးရဖွဲ့စည်းထူထောင်ရေးအတွက် သူ၏ထောက်ခံချက်နှင့်ပတ်သက်၍ ဗုဒ္ဓဟူးနေ့ နေ့လယ်ဘက်တွင် လုံခြုံရေးကောင်စီ၌ အကျဉ်းချုံး တင်ပြမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဧပြီ ၂၂ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အရပ်တွင် အီရတ်ကားတစ်စီးကို စစ်ဆေးရန် ကြည့်ရှုနေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်အကျဉ်းစခန်း ပြောက်ကျားတို့တိုက်ခိုက် အကျဉ်းသား ၂၁ ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၂

အီရတ်၌ အမေရိကန်တို့သိမ်းထား သော ဘဂ္ဂဒက်အကျဉ်းစခန်းကို အင်္ဂါနေ့တွင် ပြောက်ကျားတို့က စိန်ပြောင်း များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ထိန်းသိမ်းထားသူ ၂၁ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဘဂ္ဂဒက်အနောက်ပိုင်း အဘူဂါရိပ် အကျဉ်းစခန်း၌ သေဆုံးသူအားလုံးသည် အကျဉ်းသားများဖြစ်ကြောင်း၊ ကနဦးသတင်းများက ညွှန်းဆိုကြောင်း အမေရိကန် စစ်ဘက်ပြောရေးဆိုခွင့် ပုဂ္ဂိုလ်က ပြောကြားသည်။ သို့ရာတွင်သေဆုံးသူများသည် ရာဇဝတ်သားများနှင့် ပြောက်ကျားများအဖြစ် သံသယရှိသူများ ဟုတ်မဟုတ်မပြောနိုင်ဟု ဆိုသည်။ အဆိုပါတိုက်ခိုက်မှုကြောင့် လူ ၁၀၀ကျော် ဒဏ်ရာရရှိသွားကြောင်းဖြင့်လည်း ပြောရေးဆိုခွင့်ပုဂ္ဂိုလ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

တိုနီဘလဲ၏ အီရတ်မူဝါဒကို ထောက်ခံသူဦးရေ သိသိသာသာလျော့ကျနေကြောင်း လူထုသဘောထား စစ်တမ်း၌ဖော်ပြ

လန်ဒန် ဧပြီ ၂၂

ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၏အီရတ်မူဝါဒကို ထောက်ခံသူဦးရေသည် ဗြိတိသျှမဲဆန္ဒရှင်များအတွင်း လွန်ခဲ့သည့် နှစ်လ၌ သိသိသာသာ လျော့ကျသွားခဲ့သည်။

ထိုသို့လျော့ကျခဲ့ရာတွင် မဲဆန္ဒရှင်ထက်ဝက်နီးပါးဖြစ်သော ၄၈ ရာခိုင်နှုန်းက စစ်ပွဲ တရားမမျှတကြောင်း ပြောဆိုသည်ကို နောက်ဆုံးကောက်ယူသည့် သဘောထား စစ်တမ်းအရ သိရသည်။

ဗြိတိသျှမဲဆန္ဒရှင်များ၏ သုံးပုံနှစ်ပုံက အီရတ်အခြေအနေပေါ် အမေရိကန်၏ ကိုင်တွယ်မှုကို လုံးဝအယုံအကြည်မရှိကြဘဲ ၇၉ရာခိုင်နှုန်းက အီရတ်နိုင်ငံရှိ ဗြိတိသျှ ကုမ္ပဏီများ၏ အလုပ်လုပ်သော ဗြိတိသျှအရပ်သားများအတွက် အလွန် အန္တရာယ်ရှိကြောင်း ပြောဆိုခဲ့ကြသည်။

ဘလဲအနေဖြင့် စပိန်အစိုးရသစ်၏ စံနမူနာအတိုင်း လုပ်ဆောင်သင့်ကြောင်းနှင့် ခြောက်လအတွင်း တပ်ဖွဲ့ဝင်များကို အိမ်ပြန်ခေါ်သင့်ကြောင်း ဗြိတိသျှမဲဆန္ဒရှင်များက ယုံကြည်ကြသည်။ ဂါဒီယန်သတင်းစာဖော်ပြချက်အရ အီရတ်လုံခြုံရေး အခြေအနေနှင့် ဖော်လူဂျာနှင့် နာဂျက်ဖ်တို့၌ သွေးထွက်သံယို တိုက်ပွဲများဖြစ်ပွားခြင်းတို့သည် အမေရိကန်အပေါင်းပါတပ်များအား ဆန့်ကျင်မှုကို ပိုထိုးဆွ ပေးခဲ့ကြောင်းသိရသည်။

ယင်းလူထုသဘောထား ကောက်ယူချက်ကို ဂါဒီယန်အိုင်စီအမ် ကဏ္ဍက ဆောင်ရွက်ခဲ့ရာ၌ အသက် ၁၈နှစ်ရှိပြီးနှင့် ၁၈နှစ်အထက် ၁၀၀၂ ယောက်ကို ဧပြီ ၁၆ရက်နှင့် ၁၈ရက် ကြားတွင် နိုင်ငံတစ်ဝန်းလုံး၌ မေးမြန်းခဲ့ခြင်းဖြစ်သည်။

(ပီတီအိုင်)

ဧပြီ ၂၂ရက်က ဘာကူဘာမြို့တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခု တိုက်ခိုက်ခံရပြီးနောက် ပြန်လည်ပစ်ခတ်ရန် အသင့်နေရာယူထားသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်လေကြောင်းလိုင်း အရှုံးပေါ်မှု ယခုနှစ် ပထမသုံးလအတွင်း ဒေါ်လာ ၁၆၆သန်း ရှိခဲ့

ဝါရှင်တန် ဧပြီ ၂၂

အမေရိကန်လေကြောင်းလိုင်း၏ ယခုနှစ်ပထမသုံးလပတ်အတွင်း ဆုံးရှုံးမှုသည် ဒေါ်လာ ၁၆၆သန်း ရှိခဲ့ကြောင်း၊ လွန်ခဲ့သည့် တစ်နှစ်တွင် ဆုံးရှုံးမှုသည် ၁ဒသမ၀၄ဘီလီယံရှိခဲ့ကြောင်း ဗုဒ္ဓဟူးနေ့တွင် အမေရိကန်လေကြောင်းလိုင်းများက သတင်းထုတ်ပြန်သည်။

ယင်း၏ဝင်ငွေသည် ပထမသုံးလအတွင်း ဒေါ်လာ ၄ဒသမ၅၁၂ ဘီလီယံထိရှိခဲ့သည်ဟု အမေရိကန်လေကြောင်းလိုင်းက ပြောကြားသည်။

ကျဆင်း

အမေရိကန်လေကြောင်းလိုင်းသည် ကမ္ဘာ့အကြီးမားဆုံး လေကြောင်းဖြစ်ပြီး လေကြောင်းခရီးသွားလာမှု အဆိုးဆုံး ကျဆင်းမှုတစ်ခုတွင် ယမန်နှစ်၌ ဒေဝါလီခံရမည့် အခြေစိုက်ခဲ့သည်။

ဆုံးရှုံး

၂၀၀၁နှင့်၂၀၀၂ခုနှစ် ဆုံးရှုံးမှုသည် ဒေါ်လာ ငါးဘီလီယံကျော်ခဲ့ပြီး ယမန်နှစ်က အရှုံးသည် ဒေါ်လာ တစ်ဘီလီယံကျော် ရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်အစိုးရအဖွဲ့အား အုပ်ချုပ်ရေးလွှဲပြောင်းခြင်းမပြုမီ ကုလ၏ဆုံးဖြတ်ချက်လိုအပ်ဟု ဂျာမနီပြောကြား

ဘာလင် ဧပြီ ၂၂

ဇွန် ၃၀ရက်၌ အီရတ်အစိုးရအဖွဲ့သို့ အမေရိကန်ဦးဆောင်သော အပေါင်းပါအဖွဲ့က အုပ်ချုပ်ရေးလွှဲပြောင်းခြင်းမပြုမီ ကုလသမဂ္ဂဆုံးဖြတ်ချက်တစ်ရပ် လိုအပ်သည်ဟု ဂျာမနီနိုင်ငံက ပြောကြားလိုက်သည်။

အခြားရွေးချယ်စရာမရှိသဖြင့် ဤနောက်ဆုံးသတ်မှတ်ရက်အတိုင်းဖြစ်မည်ဟု မိမိထင်ကြောင်း၊ ထိုရက်မတိုင်မီ ကုလသမဂ္ဂ၏ဆုံးဖြတ်ချက် လိုအပ်မည်ဖြစ်ကြောင်း ဂျာမနီအစိုးရအရာရှိတစ်ဦးက ပြောကြားသည်။

အခြေအနေတည်ငြိမ်မှုရှိရေးအတွက် အခွင့်အလမ်းကို မိမိတို့ မိမိရရဆုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်ကို အရှိန်မြှင့်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ကုလသမဂ္ဂအထူးသံ လက်ခ်ဒါဘရာဟီမီက ဆုံးဖြတ်ချက်တစ်ရပ် မကြာမီပေါ်ထွက်လာမည်ဟုမျှော်လင့်ကြောင်း အင်္ဂါနေ့၌ ပြောကြားခဲ့သော်လည်း အချိန်ဇယားနှင့်ပတ်သက်၍ ပြောကြားခြင်းမရှိပေ။ အသွင်ကူးပြောင်းရေးကို စောင့်ကြည့်ရန်အတွက် အီရတ်၌ ကုလသမဂ္ဂရှိရန် လိုအပ်ကြောင်း၊ သို့ရာတွင် အမေရိကန်တပ်များသည် လုံခြုံရေးသေချာစေရန်အတွက် အမေရိကန်တပ်များကို အစားထိုးမရနိုင်ကြောင်း ထိုဂျာမန်အရာရှိက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

အာရှပစိဖိတ် ဒေသအတွင်းရှိ သစ်တောများ နှစ်စဉ်ဟက်တာ နှစ်သန်းကျော် ပြုန်းတီးနေ

ဝယ်လင်တန် ဧပြီ ၂၂

အာရှပစိဖိတ်ဒေသအတွင်းရှိ သစ်တော စုစုပေါင်း ဧရိယာသည် ခန့်မှန်းခြေ ဟက်တာ ၅၈၅သန်းရှိပြီး နှစ်စဉ် ဟက်တာ ၂ဒသမ ၇သန်း ခုတ်ထွင် ရှင်းလင်းခံခဲ့ရသည်။

အဆိုပါ ထုတ်ပြန်ချက်ကို ဖီဂျီနိုင်ငံနာဒီမြို့တွင် တနင်္လာနေ့က ကျင်းပသော ဆွေးနွေးပွဲ၌ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)က ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားကြောင်း ဆူဗာမှ အင်္ဂါနေ့က ရောက်ရှိလာသောသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း စိုက်ပျိုးရေးအတွက် မြေယာရှင်းလင်းခြင်းနှင့် သစ်တောသစ်ပင် ခုတ်လှဲခြင်းတို့ကြောင့် ယင်းဒေသတွင် သစ်တောများ သိသိသာသာဆုံးရှုံးခဲ့ကြောင်း အက်ဖ်အေအိုက ဖော်ပြသည်။

၁၉၉၀ပြည့်နှစ်များအတွင်း နိုင်ငံအချို့တွင် ၎င်းတို့၏သစ်တောများ ၁၀ရာခိုင်နှုန်းကျော် ဆုံးရှုံးခဲ့သည်။ ယင်းနိုင်ငံများမှာ အင်ဒိုနီးရှား၊မလေးရှား၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်နှင့် သီရိလင်္ကာနိုင်ငံတို့ ဖြစ်ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘာဆာရာ၌ ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိ

လူ ၅၀ ကျော်သေဆုံးပြီး ၂၀၀ ခန့် ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂၂

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ဗုဒ္ဓဟူးနေ့အစောပိုင်း၌ ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာတွင် လူ ၅၀ ကျော်သေဆုံးပြီး ၂၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အင်န်က သတင်းဖော်ပြသည်။

ဖြစ်ပွားရာနေရာ၌ရှိကြသော မျက်မြင်တွေ့ရှိသူများက ၅၅ လောင်း ပြန်ရရှိသည်ဟု ပြောဆိုကြောင်းလည်း သတင်းက ဖော်ပြသည်။ ဗုဒ္ဓဟူးနေ့နံနက်ပိုင်း၌ ဘာဆာရာရှိ ရဲစခန်းသုံးခုကို ကားဗုံးသုံးခုထက်မနည်း ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း ဗြိတိသျှစစ်ဘက်ဆိုင်ရာကို ကိုးကားလျက် စီအင်န်အင်န်က ပြောကြားသည်။

သီးခြားပေါက်ကွဲ

နံနက် ၇နာရီ ၁၅ မိနစ်ခန့်တွင် ရဲစခန်းများ၌ သီးခြားပေါက်ကွဲမှု သုံးခါဖြစ်ခဲ့သည်ဟု ဗြိတိသျှစစ်ဘက်ပြောခွင့်ရှိသူတစ်ဦး ဂျွန်အာနိုးက ပြောကြားသည်။ ပေါက်ကွဲမှုများသည် အသေခံဖောက်ခွဲခြင်း ဟုတ်မဟုတ် ချက်ခြင်းမသိနိုင်ကြောင်း အာနိုးက ဆက်လက်ပြောကြားသည်။

သေဆုံး

စီအင်န်အင်န်က ဖော်ပြသည့်သတင်း၌ ပေါက်ကွဲမှုဖြစ်ပွားရာသို့ ရောက်လာသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို အီရတ်တို့က ခဲများဖြင့် ပစ်ပေါက်ကြကြောင်း သိရသည်။ ပေါက်ကွဲမှုကြောင့် ကျောင်းကားနှစ်စီးပျက်စီးကြောင်း၊ ကလေးအများအပြား ထိခိုက်သေဆုံးမှုရှိကြောင်း စီအင်န်အင်န်က ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ဘလဲကိုင်တွယ်မှု ဝေဖန်တိုက်ခိုက်ခံရ

လန်ဒန် မေ ၂၂

ဗြိတိန်နိုင်ငံ ကင်တာဘူရီမြို့မှ ခရစ်ယာန်ဂိုဏ်းချုပ် ဘုန်းတော်ကြီးတစ်ပါးသည် ဝန်ကြီးချုပ် တိုနီဘလဲအား ဗြိတိန်နိုင်ငံ၏ နိုင်ငံရေးအခြေအနေကောင်းကို ဖျက်ဆီးနေသူဖြစ်သည်ဟု စွပ်စွဲကာ အီရတ်တွင်ဖြစ်ပွားသော စစ်ပွဲကိုင်တွယ်ဖြေရှင်းပုံကို ဝေဖန်တိုက်ခိုက်လိုက်သည်။

မိမိတို့သည် နိုင်ငံရေးစနစ်တွင် ယုံကြည်ထိုက်မှု အားနည်းလာခြင်းနှင့်ကြုံရကြောင်း ဂိုဏ်းချုပ်ဒေါက်တာ ဂိုဝမ်ဝီလီယံက ပြောကြားသည်။

အီရတ်ကို အမေရိကန်ဦးဆောင်ပြီး တိုက်သည့်စစ်ပွဲ၌ ထောက်ခံရန် ဘလဲ၏ဆုံးဖြတ်ချက်ကို ယခင်အစိုးရအဖွဲ့ဝန်ကြီးများ၊ နိုင်ငံရေးအတိုက်အခံများနှင့် ကုလသမဂ္ဂလက်နက်စစ်ဆေးရေးခေါင်းဆောင်ဟောင်း ဟန်းစ်ဘလစ်ဇ်တို့က အီရတ်တွင် အဖျက်စွမ်းအားကြီးလက်နက်များ ရှာမတွေ့သည့်နောက်ပိုင်းတွင် ပစ်ပစ်ခါခါ ဝေဖန်တိုက်ခိုက်ခဲ့ကြသည်။

အဓိကအကြောင်းရင်း

ခရစ်ယာန်ဂိုဏ်းချုပ် ဝီလီယံ၏ဝေဖန်ချက်များသည် ဘလဲအပေါ် ဖိအားပေးမှုကို ပိုစေမည်ဖြစ်သည်ဟု ဆိုသည်။ စွပ်စွဲထားသော အီရတ်၏ လက်နက်အစီအစဉ်သည် အီရတ်ကို စစ်ပွဲဆင်နွှဲရန်အတွက် အင်္ဂလိပ်-အမေရိကန်တို့၏ အဓိကအကြောင်းရင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်မှ အမေရိကန်တပ်များရုပ်သိမ်းရန် အီရန်သမ္မတ မိုဟာမက်ခါတာမီ ပြောကြား

တီဟီရန် မေ ၂၂

အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းခြင်းသည် ကောင်းမွန်မည်ဖြစ်ကြောင်း၊ အမေရိကန်တို့နားလည်သဘောပေါက်ကြောင်း၊ သို့ရာတွင် ၎င်းတို့ကိုယ်တိုင် ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း အီရန်သမ္မတ မိုဟာမက်ခါတာမီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အီရတ်ကို ဆက်လက်သိမ်းပိုက်ထားခြင်းသည် ၎င်းတို့အတွက် အကျိုးမရှိကြောင်းကို အမေရိကန်များ နားလည်ခဲ့ပြီးဖြစ်ကြောင်း၊ အပတ်စဉ်ဝန်ကြီးအဖွဲ့ အစည်းအဝေးအပြီးတွင် ခါတာမီက သတင်းထောက်များအား ပြောကြားသည်။

အီရတ်တွင် အမေရိကန်ဆန့်ကျင်ရေးစိတ်ဓာတ်ကို အီရန်တို့က မွှေနှောက်လျက်ရှိကြောင်း အမေရိကန်အရာရှိအချို့က အီရန်ကို စွပ်စွဲပြောဆိုခဲ့သည်။

အိမ်နီးချင်း အီရတ်နိုင်ငံ၌ တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာခြင်းသည် အမေရိကန်တို့ကြောင့်ဖြစ်သည်ဟု သမ္မတ ခါတာမီက အတိအလင်း ပြစ်တင်ပြောဆိုသည်။

မိမိတို့သည် အီရတ်တည်ငြိမ်ရေးကို အလိုရှိကြောင်း၊ အီရတ်နိုင်ငံ ကစဉ့်ကလျားဖြစ်စေသည့် မည်သည့်လှုပ်ရှားမှုကိုမဆို ရှုံ့ချကြောင်း၊ သို့သော် ပြဿနာ၏အရင်းခံသည် ဆက်လက်သိမ်းပိုက်ထားခြင်းကြောင့် ဖြစ်သည်ဟု မိမိတို့ပြောဆိုကြောင်း ၎င်းက ပြောသည်။

အမ်အင်အေ၊ရိုက်တာ

မေ ၂၂ ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ဆိုက်ရောက်လာသည့် ကမ္ဘာ့အကြီးဆုံးခရီးသည်တင် ကွင်းမေရီ-၂ သင်္ဘောကြီးအနီး ရဟတ်ယာဉ်များ ဝဲပျံနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပျက်စီး

မေ ၂၂ ရက်က ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို အီရတ်တို့ ကြည့်ရှုနေစဉ်။

(အတ်ပုံ-အင်တာနက်)

အီရတ်စစ်ဆင်ရေး ကုန်ကျစရိတ် မျှော်မှန်းသည်ထက် ပိုကုန်ကျမည် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ကာကွယ်ရေးကန်ဗိုလ်ချုပ်ကြီး မိုင်ယာပြောကြား

ဝါရှင်တန် မေ ၂၂

အီရတ်၌ စစ်ဆင်ရေးကုန်ကျစရိတ်သည် မျှော်မှန်းသည်ထက် ပိုကုန်ကျမည်ဟု ပင်တဂွန်က စီစဉ်ထားသည်ထက် အီရတ်တွင် အမေရိကန်တပ်များ ပိုဖြန့်ချထားမည့်ကိစ္စကိုရည်ညွှန်းလျက် အမေရိကန် ထိပ်တန်းဗိုလ်ချုပ်ကြီးတစ်ဦးက ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်။

အီရတ်၌ နောက်ထပ်သုံးလမျှ အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀၀ကို ဆက်ထားမြဲထားရန်မှာ အမေရိကန်ဒေါ်လာသန်း ၇၀၀ခန့် ကုန်ကျမည်ဟု ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ရစ်ချဒ်မိုင်ယာက အောက်လွှတ်တော် လက်နက်ကိုင်တပ်များကော်မတီသို့ ပြောကြားသည်။

အီရတ်၌ နောက်ထပ်အချိန်ပိုနေထိုင်ခြင်းသည် မိမိတို့အတွက် ငွေကြေး ပိုကုန်ကျမည်ဖြစ်ကြောင်း၊ ထိုခန့်မှန်းကုန်ကျစရိတ်များကို ယခုအခါ မိမိတို့လုပ်ဆောင်နေကြောင်း မိုင်ယာက ပြောကြားသည်။

ပံ့ပိုးပေး

ဘုရှ်အစိုးရသည် အီရတ်နှင့် အာဖဂန်၌ ဆင်နွှဲသည့်စစ်ပွဲများအတွက် ကုန်ကျငွေကြေးကို ဘတ်ဂျက်အသုံးစရိတ်တောင်းဆိုမှု၌ ထည့်သွင်းခြင်းမပြုဘဲ နောက်ဆက်တွဲ လျာထားမှုများဖြင့် ပံ့ပိုးပေးခဲ့သည်။

အတည်ပြု

အမေရိကန် အောက်လွှတ်တော်ကလည်း လွန်ခဲ့သည့်နှစ် မတ်လ၌ စစ်ပွဲစတင်ခဲ့ချိန်မှစပြီး ဒေါ်လာသန်း ၁၆၀ကျော် လျာထားသည့်ဥပဒေကြမ်းနှစ်ခုကို အတည်ပြုပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အမေရိကန်တွင် လေဆင်နှာမောင်း တိုက်ခတ် လူရှစ်ဦး သေဆုံး

အီလီနွိုက် မေ ၂၃

အမေရိကန်ပြည်ထောင်စု အီလီနွိုက်ပြည်နယ်တွင် တော်နေးဒိုးလေဆင်နှာမောင်းများ ဝင်ရောက်တိုက်ခတ်သွားခဲ့ရာ အနည်းဆုံး လူရှစ်ဦးခန့်သေဆုံးပြီး သုံးထပ်အဆောက်အအုံတစ်လုံး ပြားပြားဝပ် လဲပြိုကျခဲ့ကြောင်း သိရသည်။

တော်နေးဒိုးလေဆင်နှာမောင်းများသည် မည်သည့်အချိန်၌ တိုက်ခတ်မည်ဆိုသည်ကို တပ်အပ်အသေအချာမသိနိုင်ဘဲ တိုက်ခိုက်သည့် စက္ကန့်ပိုင်းသာဖြစ်သော်လည်း နှစ်ပေါင်းများစွာ အချိန်ယူတည်ဆောက်ထားသည့် အဆောက်အအုံများကို ဖျက်ဆီးပစ်သကဲ့သို့ ဆယ်စုနှစ်ပေါင်းများစွာ သက်တမ်းရှိပြီဖြစ်သော သစ်ပင်များလည်း အပိုင်းပိုင်းပြတ်ကာ ပြိုလဲကျခဲ့ရသည်။

(စီအင်န်အင်န်)

24-4 (05).p65 1 03/24/1905, 8:38 PM

ဧပြီ ၂၂ရက်က ဘာဆာရာမြို့ပြင်တွင် လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာမြို့ တွင် တိုက်ပွဲများ ပြင်းထန်စွာ ဆက်လက်ဖြစ်ပွား ပြောက်ကျားတို့က ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်

ဘဂ္ဂဒက် ဧပြီ ၂၃

အမေရိကန်နှင့်အပေါင်းပါများ ဝိုင်းထားသော ဖော်လူဂျာမြို့တွင် ကြောက်ခမန်းလိလိ ဖြစ်ပွားခဲ့သောတိုက်ပွဲ၌ အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျား ၃၆ ဦး သေဆုံးကြောင်း ကြာသပတေးနေ့၌ အမေရိကန်ဦးဆောင်သော အပေါင်းပါအဖွဲ့က ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

တိုက်ပွဲသည် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ခုခံ တိုက်ခိုက်ရေး အီရတ်ပြောက်ကျား ၆၀ ခန့်က လက်နက်ငယ်များ၊ ဒုံးပစ် လောင်ချာများဖြင့် မရိန်းတပ်ဖွဲ့များကို တိုက်ခိုက်ခဲ့ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

သေဆုံး

မရိန်းတပ်ဖွဲ့ဝင်များလည်း စိန်ပြောင်းများ၊ လက်နက်ငယ်များနှင့် လေကြောင်းအထောက်အကူဖြင့် ပြန်လည်တိုက်ခိုက်ခဲ့သဖြင့်ခုခံတိုက်ခိုက် ရေးပြောက်ကျား ၃၆ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။ ထိုတိုက်ပွဲ၌ ခုခံတိုက်ခိုက်ရေး ပြောက်ကျားကိုးဦးသေဆုံးပြီး မရိန်းတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရကြောင်း စစ်ဘက်ဆိုင်ရာက ဗုဒ္ဓဟူး နေ့၌ ဖော်ပြခဲ့သည်။

အပစ်ရပ်စဲရေး သဘောတူချက်သည် တနင်္လာနေ့၌ အကျိုးသက်ရောက်မှုရှိခဲ့သော်လည်း တိုက်ပွဲများဖြစ်ပွားမှုက ငြိမ်းချမ်းရေး ဦးဆောင်ဦးရွက်ပြုမှုကို ဖရိုဖရဲဖြစ်စေခဲ့သည်။

ရပ်ဆိုင်းထား

မြို့တွင်း၌ တင်းမာနေမှုကြောင့် မြို့သို့ မိသားစုများပြန်လာရေးကိစ္စကို ကြာသပတေးနေ့က ထပ်မံရပ်ဆိုင်း ထားလိုက်ရသည်။

ဧပြီ ၅ ရက်ကစပြီး ဖော်လူဂျာ၌ တိုက်ပွဲများဖြစ်ပွားခဲ့ရာတွင် အီရတ် ၆၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်ဟု မြို့တွင်းရှိ ဆေးဘက်ဆိုင်ရာ သတင်းရပ်ကွက်များက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ရိုမေးနီးယား ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီ အီရတ်အခြေအနေကြောင့် လုပ်ငန်းယာယီရပ်ဆိုင်း

ဘွတ်ချ်အရက်စ် ဧပြီ ၂၃

ရိုမေးနီးယား ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီသည် ယခုလ၌ ဘဂ္ဂဒက်အနီးတွင် ချုံခိုတိုက်ခိုက်မှု၌ ၎င်း၏အလုပ်သမားတစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့ပြီးနောက် အီရတ်မှရုပ်သိမ်းခဲ့ကြောင်း ကုမ္ပဏီက ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် အလုပ်လုပ်နေကြသော နိုင်ငံခြားကုမ္ပဏီများမှ ထောင်ပေါင်းများစွာသော အလုပ်သမားများက ပစ်ခတ် တိုက်ခိုက်မှုများ ကြီးထွားလာခြင်းကြောင့် အီရတ်မှ ထွက်ခွာရန် စဉ်းစားလျက်ရှိကြောင်း ပြောကြားသည်။

နေတိုးအဖွဲ့ဝင်သစ် ရိုမေးနီးယားသည် အီရတ်တွင် တပ်ဖွဲ့ဝင် ၇၃၀ခန့်ကိုထားမြဲထားရန်တာဝန်ခံထားသည်။

အီရတ်၏ ကြားဖြတ်အာဏာပိုင်အဖွဲ့ဝင်များအတွက် လုံခြုံရေးအစောင့်များအဖြစ် သုံးလကြာ ကန်ထရိုက်စာချုပ်ဖြင့် အလုပ်လုပ်ကိုင်နေသော ဝန်ထမ်း ရှစ်ဦးရှိသည့် ရိုမေးနီးယားလုံခြုံရေးကုမ္ပဏီ ဘီဒီပါက ၎င်း၏ဝန်ထမ်းများအားအနေအထား ကောင်းမွန်သည့်အချိန်အထိ ရုပ်သိမ်းထားကြောင်း ပြောသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်မှစပိန်တပ်ဖွဲ့ဝင် ၁၄၀၀ ထပ်မံရုပ်သိမ်းမည် ဟွန်ဒူးရပ်စ်၊ ဒိုမီနီကန်တပ်ပွဲများရုပ်သိမ်းမည်ဆို၍ ဘုရှ်စိတ်သောကဖြစ်

မက်ဒရစ် ဧပြီ ၂၂

အီရတ်၌တပ်စွဲထားသော စပိန်တပ်ဖွဲ့ဝင် ၁၄၀၀ ကို ကိုယ်ပိုင်လုံခြုံရေးတာဝန်ယူလျက် မေ၃၀ရက်တွင် ထပ်မံရုပ်သိမ်းရန် စပိန်အစိုးရသစ်က ဆုံးဖြတ်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီး ဂျိုစ်ဘိုနိုက ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။

စပိန်တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးအတွက် မြန်နိုင်သမျှ မြန်မြန်ရုပ်သိမ်းရန် ဘိုနိုက ညပိုင်းတွင် စပိန်တပ်များ၏ စစ်တန်းလျားများကို လက်နက်ကြီးဖြင့် ၁၇ ချက်ပစ်ခတ်ခံရပြီးနောက် အီရတ်ရှိစပိန်တပ်များ၏ အကြီးအကဲ ကာဒင်နာဆာရာဒီယိုအား ပြောကြားသည်။

ယင်း၏ တပ်များသည် အီရတ်၌ဘာလုပ်ရမည်ကို မသိတော့ကြောင်း၊ ဖြစ်နိုင်လျှင် ယင်း၏တပ်များ အီရတ်မှာ မထားလိုတော့ကြောင်း အဆိုပါအရာရှိက ပြောကြားသည်။ ဇွန် ၃၀ ရက်တွင် အီရတ်၌ ကုလသမဂ္ဂက နိုင်ငံရေးနှင့် စစ်ရေးထိန်းချုပ်မှု တာဝန်မယူလျှင် စပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည်ဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ်သစ် ဇာပါတာရိုက ကတိကဝတ်ပြုပြောကြားသည်။ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးနှင့် လုံခြုံရေးအတွက် ကူညီပေးရန် အခြားသောနိုင်ငံများအား ကုလသမဂ္ဂဆုံးဖြတ်ချက်သစ်အတွက် အိမ်ဖြူက တိုက်တွန်းထားသည်။

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က စပိန်ဝန်ကြီးချုပ် ဇာပါတာရိုထံသို့ ဖုန်းဆက်ပြောကြားရာတွင် စပိန်တပ်များ အီရတ်မှ ရုပ်သိမ်းမှုနှင့်အတူ ဟွန်ဒူးရပ်စ်နှင့် ဒိုမီနီကန်တပ်များ ရုပ်သိမ်းရေးကြေညာချက်များကို ကြားသိရ၍ စိတ်သောကဖြစ်ရသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

ဧပြီ ၂၃ရက်က ဘဂ္ဂဒက်မြို့အရှေ့တောင်ဘက်ရှိ အဝေးပြေးလမ်းမ တစ်နေရာ၌ အမေရိကန်တပ်ဖွဲ့ဝင်များ တင့်ကားနှစ်စီးနှင့် လုံခြုံရေးစောင့်ကြပ်ရာ၌ အီရတ်တို့ မော်တော်ယာဉ်များ သွားလာရေး ခက်ခဲပြီး လမ်းပိတ်ဆို့မှု ဖြစ်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပြန်ပေးဆွဲခံရသော ဒိန်းမတ်လုပ်ငန်းရှင် အီရတ်တွင် သေဆုံးလျက် ပြန်လည်တွေ့ရှိ

ကိုပင်ဟေဂင် ဧပြီ ၂၃

အီရတ်တွင် ပြန်ပေးစွဲခံခဲ့ရသော ဒိန်းမတ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအား သေဆုံးလျက်တွေ့ရှိခဲ့ကြောင်း ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍အသတ်ခံရခြင်း အကြောင်းရင်း သို့မဟုတ် ပြစ်မှုကျူးလွန်သည့် အကြောင်းများကို သတင်းမရရှိသေးကြောင်း ဆက်လက် ဖော်ပြပါရှိသည်။

အဆိုပါ ပုဂ္ဂိုလ်သည် ဧပြီ ၁၁ ရက်က ပျောက်ဆုံးခဲ့သည့် သတင်း ရရှိစဉ်ကတည်းက ၎င်းကို ရှာဖွေရန် အီရတ်ခေါင်းဆောင်များ၊ အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ဒေသခံ အာဏာပိုင်များ ဆွေးနွေးခဲ့ကြကြောင်း ဝန်ကြီးဌာနက ပြောသည်။ အဆိုပါဒိန်းမတ်နိုင်ငံသားကို ရဲအဖွဲ့က ဧပြီ၂၂ရက် တွင် ရှာဖွေတွေ့ရှိခဲ့သည်ဟု ပြည်နယ်အာဏာပိုင်အဖွဲ့(စီပီအေ)က လွန်ခဲ့သည့်ညတွင် ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနကို သတင်းပေးပို့ခဲ့ကြောင်း ၎င်းက ဖော်ပြသည်။

ဝန်ကြီးဌာနသည် ဧပြီ ၁၆ရက်တွင် အဆိုပါ ဒိန်းမတ်နိုင်ငံသား ပျောက်ဆုံးနေကြောင်းကို တရားဝင် အတည်ပြုခဲ့သည်။ အမည်မသိသော်လည်း ဒေသခံမီဒီယာက အသက် ၃၅ နှစ်ရှိ ဟင်းရစ်ဖရင်ဆန်ဟု ဖော်ပြခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ပြင်သစ် သတင်းစာဆရာတစ်ဦး ဘဂ္ဂဒက်တွင် သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၃

မျက်နှာဖုံး စွပ်ထားသော အီရတ် ခုခံတိုက်ခိုက်ရေး ပြောက်ကျားများက ဘဂ္ဂဒက် မြောက်ဘက်ဆင်ခြေဖုံး အရပ်တွင် ပစ်ခတ်တိုက်ခိုက်မှုကြောင့် နိုင်ငံခြားသားတစ်ဦးသေဆုံးပြီး ၎င်း၏ စကားပြန်မှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောဆိုကြသည်။

သေဆုံးသူမှာ ပြင်သစ်သတင်းစာဆရာတစ်ဦး ဖြစ်ကြောင်း အီရတ်ရဲက ပြောကြားသော်လည်း ထိုသတင်းအား ချက်ချင်း အတည်ပြုခြင်း မရှိပေ။ တိုက်ခိုက်မှုမှာ မကြာသေးမီက တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အဇီမီယာ အနီး၌ ဖြစ်ကြောင်း သိရသည်။

အမ်အအေ၊ဆင်ဟွာ

ဆွစ်နိုင်ငံသားနှစ်ဦးနှင့် အာရပ်နွယ်ဖွား အစ္စရေးလူမျိုးတစ်ဦး ဓားစာခံဖမ်းထားရာမှ ပြန်လည်လွတ်မြောက်

ဘဂ္ဂဒက် ဧပြီ ၂၃

အီရတ်တွင် နိုင်ငံခြားသားများအား ပြန်ပေးဆွဲမှုများရှိခဲ့ရာ ကြာသပတေးနေ့က နိုင်ငံခြားသားသုံးဦးပြန်ပေးဆွဲထားရာမှ ပြန်လည် လွတ်မြောက်လာခဲ့သည်။ ယင်းနိုင်ငံခြားသားသုံးဦးမှာ ဆွစ်နိုင်ငံသားနှစ်ဦးနှင့် အာရပ်နွယ်ဖွား အစ္စရေးလူမျိုးတစ်ဦးတို့ဖြစ်ကြောင်း ကာတာအခြေစိုက် အယ်ဂျာဇီယာသတင်းဌာနက သတင်းထုတ်ပြန်သည်။

လွတ်မြောက်လာ

အဆိုပါ ဆွစ်နိုင်ငံသားနှစ်ဦးသည် အီရတ်နိုင်ငံတောင်ပိုင်းတွင် နှစ်ရက်ကြာဓားစာခံအဖြစ်ဖမ်းဆီးခံထားရာမှ ပြန်လည် လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။

ဓားစာခံနှစ်ဦးဖြစ်သည့် ဆွစ်ဇာလန်လူမျိုးနှစ်ဦးမှာ အစိုးရမဟုတ် သော အဖွဲ့အစည်းများအတွက် လူမှုရေးလုပ်ငန်းများဆောင်ရွက် လုပ်ကိုင်နေသူများဖြစ်ပြီး အင်္ဂါနေ့ကပြန်ပေးဆွဲခံရခြင်းဖြစ်ကြောင်း ဆွစ်ဇာလန် နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ဓားစာခံတစ်ဦးဖြစ်သည့် အာရပ်နွယ်ဖွား အစ္စရေးလူမျိုး နာဘီလ်ဂျော့ရာဇော့မှာ အီရတ်နိုင်ငံရှိ အမေရိကန်ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ကိုင်နေသူတစ်ဦးဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာသင်တန်းဆင်းပွဲ၌အမှာစကားပြောကြား

သင်တန်းဆင်းအမှာစကား

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် UNIAP တို့ ပူးပေါင်းစီစဉ်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သင်တန်းဆင်းပွဲ အခမ်းအနားကို အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ သင်တန်းဆင်းအမှာစကား ပြောကြားစဉ်။ (ပြည်ထဲရေး)

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် UNIAP တို့ပူးပေါင်း စီစဉ်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာနအဆောက်အအုံ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့နှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များနှင့် အဖွဲ့ခေါင်းဆောင်များ၊ တိုင်းနှင့် ပြည်နယ်တာဝန်ခံများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်းချီးမြှင့်သည်။

ထို့နောက် သင်တန်းသူ ဒေါ်ခင်မေစိုးက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းသင်တန်းသို့ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့နှင့် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့တို့မှ အဖွဲ့ဝင် သင်တန်းသူ ၂၉ ဦးတို့သည် ဧပြီ ၂၁ ရက်မှ ယနေ့အထိ သင်တန်းတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၂) ရပ်ကွက် မရမ်းခြံ မာလာရုံလမ်း အောင်သိဒ္ဓိ မဟာမြိုင်ကျောင်းတိုက်တွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မင်းဘူးမြို့နယ် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ (၈၇) တွင် အရှင်ပဏ္ဍိတဓမ္မာစရိယက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ကဆုန်လဆန်း ၉ ရက်မှ လပြည့်နေ့အထိ ခုနစ်ရက်တိုင်တိုင် ဟောကြား ပြသမည်ဖြစ်၍ တရားစခန်းဝင်လိုသူများ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(က-ပ)**

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်နှင့် အမျိုးသားညီလာခံအောင်မြင်ရေး ဝန်ကြီးဌာနအနေဖြင့် ကျရာကဏ္ဍမှအင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း (၂၀၀၃-၂၀၀၄)နှစ်ပတ်လည်ဂုဏ်ပြုဆုပေးပွဲနှင့် ကျောင်းနေဝန်ထမ်းသားသမီးများအား ထောက်ပံ့ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပုံနှိပ်စက်ရုံခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများကိုချီးမြှင့်သည်။ (ဝဲပုံ)

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (ရုံးချုပ်)နှင့် ၎င်းအောက်ရှိ စာပေဗိမာန် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၊ အောင်ဆန်း ဂျီတီစီပုံနှိပ်စက်ရုံတို့မှ ဆုရဝန်ထမ်းများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့သည် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှိ ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ကျောင်းနေဝန်ထမ်းသားသမီးများအား ထောက်ပံ့ခြင်းဖြစ်၍ မင်္ဂလာရှိသောနေ့ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်နှင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်တို့ကို သိရှိနားလည်သဘောပေါက်မှသာ တာဝန်များထမ်းဆောင်ရာတွင် အသိစိတ်ဓာတ်ရှိရှိဖြင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရည်မှန်းချက်သည် တည်ငြိမ် အေးချမ်းပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ဖြစ်ကြောင်း၊ တပ်မတော်အစိုးရအနေဖြင့် ၁၅ နှစ်ကာလအတွင်း ပြည်သူ့ဝန်ထမ်းများနှင့် လက်တွဲဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အခါတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအခံလိုအပ်ချက်များအားလုံးနီးပါးကို တည်ဆောက်ပြီးဖြစ်ကြောင်း၊ ရရှိလာသော အကျိုးကျေးဇူးများကို ပြည်သူများ လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း၊ ယခုအခါ ယင်းရရှိပြီးသော အောင်မြင်မှုများကိုအခြေခံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စက်မှုကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးကဏ္ဍနှင့် နယ်စပ်ဒေသလမ်းပန်း ဆက်သွယ်မှုကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် အဓိကအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း ယင်းလုပ်ငန်းများအောင်မြင်ရေး မိမိတို့ ကျရာကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ၂၀၀၄-၂၀၀၅ ခုနှစ် ဝန်ကြီးဌာနက ချမှတ်ထားသည့် ရည်မှန်းချက် ခုနစ်ချက်မှာ နိုင်ငံတော်မှ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့် အမျိုးသားညီလာခံ အောင်မြင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ကျရာကဏ္ဍမှ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရန်၊ ဝန်ကြီးဌာနအတွက် သတ်မှတ်ပေးထားသည့် ဝင်ငွေလျာထားချက် ကျော်လွန်အောင် ရှာဖွေဆောင်ရွက်ရန်၊ မြန်မာနိုင်ငံတစ်ဝန်းနယ်စပ်ဒေသမကျန် Media Cover ဖြစ်အောင် ဆောင်ရွက်သွားရန်၊ ပြည်ပနိုင်ငံများသို့ပါ Media ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်အောင်ဆောင်ရွက်ရန်၊ သွက်လက်ထက်မြက်ပြီး အရည်အသွေးပြည့်မီသည့် Media ဖြစ်ရန်၊ နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့် စက်မှုဆိုင်ရာ တိုးတက်အောင် မိမိတို့တာဝန်ယူရသည့်ကဏ္ဍတွင် တီထွင်ဆောင်ရွက်ရန်နှင့် ခြိုးခြံချွေတာရန်တို့ဖြစ်ကြောင်း၊ ယင်းရည်မှန်းချက်များကို ဝန်ထမ်းများသိရှိပြီး အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဆောင်ရွက်ရမည့် ရည်မှန်းချက်တာဝန် ၁၀ ရပ်ကို ချမှတ်ပေးပြီးဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဆိုပါရည်မှန်းချက်တာဝန်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း။

နိဂုံးချုပ်အနေဖြင့် ဆုရရှိကြသည့် ဝန်ထမ်းများကလည်း နောင်နှစ်များတွင် ဆုများ ဆက်လက်ရရှိအောင် ထိန်းသိမ်းကြရန်၊ ဆုမရရှိသေးသော ဝန်ထမ်းများကလည်း ဆုရရှိအောင် ကြိုးစားကြရန်၊ မိမိတို့ ဝန်ထမ်းသားသမီးများကိုလည်း ထူးချွန်သည့် ဝန်ထမ်း သားသမီးများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ဆုများချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယအထွေထွေမန်နေဂျာ(ပုံနှိပ်) ဦးကျော်သူက စက်ရုံအလိုက် ဆုရရှိကြသော ပထမဆုရ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၊ ဒုတိယဆုရ အောင်ဆန်းပုံနှိပ်စက်ရုံ၊ တတိယဆုရ စာပေဗိမာန်စက်ရုံတို့ကိုကြေညာသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်မှ ချီးမြှင့်ခဲ့သော ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ခြောက်ဦး၊စက်မှုစီးပွားတံဆိပ်ရရှိသူ လေးဦး၊ လူမှုထူးချွန်တံဆိပ်ရရှိသူ နှစ်ဦးတို့အတွက် ထပ်ဆင့် ဂုဏ်ပြုငွေကို ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်သူက လက်ခံရယူပြီး အထူးဆုရရှိသူ အကြံပေးအရာရှိ ဦးစိန်ထွန်းအား ဂုဏ်ပြုငွေကို ချီးမြှင့်သည်။

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဦးသိန်းစိန်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ထူးချွန်ဆုရရှိသော ဝန်ထမ်းများအတွက် ဝတ်စုံထောက်ပံ့ခြင်းနှင့် ကျောင်းနေဝန်ထမ်း သားသမီးများအား ထောက်ပံ့ငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကံစမ်းမဲ အစီအစဉ်ဖြင့် မဲဖောက်ရန် လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ဖိတ်ကြားထားသော ဧည့်သည်များအား မေတ္တာလက်ဆောင် ပစ္စည်းများကို ပေးအပ်သည်။

အခမ်းအနားတွင် ဝန်ထမ်းများ ဝတ်စုံအတွက် တစ်ဦးလျှင် ငွေကျပ် ၂၄၀၀ နှုန်းဖြင့်လည်းကောင်း၊ ကျောင်းနေ ဝန်ထမ်းသားသမီးများ ထောက်ပံ့ရာတွင် အထက်တန်းအတွက် ငွေကျပ် ၅၀၀၀ နှုန်း၊ အလယ်တန်းအတွက် ငွေကျပ်၄၀၀၀နှုန်း၊ မူလတန်းအတွက် ငွေကျပ် ၃၀၀၀ နှုန်းဖြင့်လည်းကောင်း ထောက်ပံ့ခဲ့ပြီး စုစုပေါင်း ထောက်ပံ့ငွေမှာ ကျပ် ၁၄၅၁၉၀၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၄-၄-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	စားကြမယ်ဟော့ကောင်းကောင်း
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၅	၇။	သုံးဆယ်ရေလှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	Happy and Educational English Summer Course MRTV

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅	၅။	တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၃:၀၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၃၅)
၁၃:၃၅	၇။	**အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့** (အပိုင်း-၁)
၁၃:၅၀	၈။	လောကနီတိ-၅ **"မေတ္တာ အတိမ်အနက်ကို ချိန်စက်၍ ကြည့်သောအခါ"** (ပိုင်ဇေရဲထွန်း၊စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ-ခင်ဇော်)
၁၄:၃၅	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၄၅	၁၀။	International News

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use.
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၁၇:၁၅	၆။	အကပဒေသာ
၁၇:၃၀	၇။	တေးဂီတအစီအစဉ်
၁၇:၄၅	၈။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၁၀	၉။	ပျားလိမ္မော်စိုက်ပျိုးရေးလုပ်ငန်း
၁၈:၂၀	၁၀။	စားကြမယ်ဟော့ကောင်းကောင်း
၁၈:၃၀	၁၁။	ညနေခင်းသတင်း
၁၉:၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၃။	Discovery
၁၉:၁၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၅)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	မြန်မာဗီဒီယိုဇာတ်လမ်း **"ကွန်"** (ကျော်ဟိန်း၊ နန္ဒာလှိုင်၊ ချိုပြုံး) (ဒါရိုက်တာ-ကျော်ဇောလင်း)

လက်ခံတွေ့ဆုံ နှုတ်ဆက်

ဧပြီ ၂၃ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Xu Shulai နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Senior Colonel Ma Shoudong တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ကုန်ကျစရိတ်ကြီးမားသည့် ရေအားလျှပ်စစ်စီမံကိန်းများတွင် စုဆောင်းရရှိသည့်အရင်းအနှီးများကို ရင်းနှီးမြှုပ်နှံပြီး နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်ဆည်းပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိ စီမံကိန်းလုပ်ငန်းများစောပြီးသည်နှင့်အမျှ ပြည်သူနှင့်နိုင်ငံတော် စော၍အကျိုးကျေးဇူးခံစားကြရမည်

▼ *နိုင်ငံတော်မှ*

ထို့နောက် စီမံကိန်း ရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်က ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရွှေကျင်ရေအား လျှပ်စစ်စီမံကိန်း၏ အချက်အလက်များ၊ ဇုန်အမျိုးအစားကျောက်ဖြည့်တမံ (Zoned Type Rock Fill Dam) တည်ဆောက်သွားရန် စီစဉ်ထားမှုများ၊ တမံအုတ်မြစ်ရေစိမ့်တားကွန်ကရစ် နံရံတည်ဆောက်ပြီးစီးမှုအခြေအနေများ၊ စီမံကိန်းလုပ်ငန်းများတွင် လျာထားသည့် ငွေကြေးထက် ကုန်ကျမှုသက်သာအောင် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၄)တည်ဆောက်ရေးညွှန်ကြားရေးမှူးဦးကြည်စိုးက တမံအုတ်မြစ်ရေစိမ့်တား ကွန်ကရစ် နံရံတည်ဆောက်ခြင်းလုပ်ငန်းများ ၇၀ရာခိုင်နှုန်းပြီးစီးနေမှု၊ ရေထုတ်ပြွန်၊ ရေယူအဆောက်အအုံ၊ ရေပိုလွှဲ၊ အကူရေပိုလွှဲ၊ ဓာတ်အားခွဲရုံ၊ ဓာတ်အားပေးစက်ရုံစသည့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်သွားရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သိရှိလိုသည်များကိုမေးမြန်းပြီး မှာကြားရာတွင် နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လမ်းများ၊ တံတားများ၊ ဆည်မြောင်းတာတမံများသည် ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ဂုဏ်ယူဖွယ်ကောင်းလောက်အောင် တည်ဆောက်ပြီးစီးခဲ့သည်မှာ အားလုံး အသိပင်ဖြစ်ကြောင်း။

တည်ဆောက်ပြသနိုင်

မမျှော်မှန်းနိုင်ခဲ့မှုများ၊ စိတ်ကူးယဉ်ဖွယ်ရာ တည်ဆောက်မှုများကို မြန်မာအင်ဂျင်နီယာများ၏ အံ့မခန်းသည့်စွမ်းအားတို့ဖြင့် တည်ဆောက် ပြသနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် လျှပ်စစ်ဓာတ်အားအထူးလိုအပ်လျက်ရှိသည့် အချိန်အခါဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုသည်မြန်ဆန်သွားမည်မှာ သေချာကြောင်း။

ဓာတ်အားလိုအပ်ချက်ဖြည့်ဆည်း

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အားစီမံကိန်းများကို ယခုအခါ ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စုဆောင်းရရှိထားသည့် အရင်းအမြစ်များကို ကုန်ကျစရိတ် ကြီးမားသည့် ရေအားလျှပ်စစ်စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံ၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် လျှပ်စစ် အင်ဂျင်နီယာများ၏ စွမ်းပကား အတတ်ပညာတို့ ဖော်ထုတ်ပြသရမည့်အလှည့် ရောက်ရှိလာနေပြီဖြစ်ကြောင်း။

အကျိုးကျေးဇူးခံစားရမည်

လမ်းများ၊ တံတားများနှင့် ဆည်မြောင်းတာတမံများ စသည့် ရှေးဦးပိုင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ အနည်းနှင့်အများ ရှိခဲ့ကြောင်း၊ ယခုအခါ တည်ဆောက်ရေးပိုင်းဆိုင်ရာ အတွေ့အကြုံများရှိထားပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းအပါအဝင် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ မြန်မြန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက် သွားကြရမှာဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများစောပြီးသည်နှင့်အမျှ ပြည်သူများနှင့် နိုင်ငံတော်အတွက် စော၍ အကျိုးကျေးဇူးရရှိခံစားကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် လျှပ်စစ်ဓာတ်အား စီမံကိန်းဝန်ထမ်းများ အနေဖြင့် မိမိတို့၏ တာဝန်များကို ဂုဏ်ယူစိတ်ဖြင့် အလေးထား ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရွှေကျင်ရေအားလျှပ်စစ်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်အနီး ရှုရပ်မှ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ဧရိယာနှင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုကြသည်။

ဆက်လက်၍ အတွင်းရေးမှူး (၁)နှင့် အဖွဲ့ဝင်များအား ဒုတိယဝန်ကြီးဦးမျိုးမြင့်က စီမံကိန်းတွင် တည်ဆောက်သွားမည့် ကျောက်ဖြည့်တမံ၏ ပုံစံငယ်ကို ရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ရေလွှဲပြွန် တည်ဆောက်ရန် ဆောင်ရွက်နေမှုများ၊ တမံအုတ်မြစ် ရေစိမ့်တားကွန်ကရစ်နံရံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ အသုံးပြုလျက်ရှိသည့် စက်ယန္တရားကြီးများ အခြေအနေကိုလည်းကောင်း၊ တမံအုတ်မြစ်ရေစိမ့်တား ကွန်ကရစ်နံရံ တည်ဆောက်ရာတွင် အသုံးပြုသည့်ကွန်ကရစ်၏ အရည်အသွေး စံချိန်စံညွှန်း ရှင်းလင်းပြသမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများတွင်ပါဝင်သည့် စီမံကိန်းတစ်ခုဖြစ်သည်။ ရွှေကျင်ချောင်းပေါ်တွင် တမံအလျားပေ၃၆၁၀၊ အမြင့်၁၈၅ပေရှိ ကျောက်ဖြည့်တမံတည်ဆောက်၍ ရေလှောင်ကန်မှ ရေအားအမြင့်ကို ရယူကာလျှပ်စစ်ဓာတ်အား၇၅မဂ္ဂါဝပ် ထုတ်ယူရရှိမည့် စီမံကိန်းဖြစ်ကြောင်းသိရသည်။

ရဲနွယ်ရေလှောင်တမံ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူးဦးခင်မောင်ယုက ရဲနွယ်ရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးမျိုးမြင့်က ရေအားလျှပ်စစ်ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ပဲခူးတိုင်း အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူး ဦးဗစ်တာက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရဲနွယ်စီမံကိန်းသည် ရေအားလျှပ်စစ်၂၅မဂ္ဂါဝပ်ထုတ်ယူနိုင်ပြီး လယ်မြေသို့ စိုက်ပျိုးရေပေးဝေနိုင်မည့် စီမံကိန်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆည်မြောင်းဦးစီးဌာန နှင့်ရေအားလျှပ်စစ်ဦးစီးဌာနတို့ အနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို အဆက်အစပ်ရှိရှိ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်အနီးရှုရပ်မှ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းခွင်သို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ရေယူဥမင်လိုဏ် အထွက်ပိုင်းတည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေယူဥမင်လိုဏ်အဝင်ပိုင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဘက်စုံစီမံကိန်း

ရဲနွယ်ရေလှောင်တမံဘက်စုံ စီမံကိန်းမှာ ရေအားလျှပ်စစ်ထုတ်ယူ ရရှိပြီး စိုက်ပျိုးရေပေးဝေနိုင်မည့် ဘက်စုံစီမံကိန်းဖြစ်သည်။

စီမံကိန်းကို ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ တောင်ဘက် ၂၃သမ ၅မိုင်ခန့်အကွာ ရဲနွယ်ချောင်းတွင် တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည်ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းမှတစ်ဆင့် ဖြူးမြို့နယ်ရှိ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စူးစမ်းလေ့လာ တိုင်းတာခဲ့မှုများ၊ ကျောက်ဖြည့်တမံ တည်ဆောက်သွားရန် စီစဉ်ထားမှုများ၊ တမံနှင့်ဆက်နွယ်သည့် ရေအားလျှပ်စစ်အဆောက်အအုံများဆောက်လုပ်ရန် စီစဉ်ထားမှုများကို ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအားလျှပ်စစ် ဦးစီးဌာန အမှတ်(၃)တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူးဦးမော်သာထွေးက ရေလှောင်တမံတည်ဆောက်မှုလုပ်ငန်း၊ ရေပိုလွှဲ၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေဝင်အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း၊ ဖိအားမြင့်သံမဏိပိုက်လိုင်းနှင့် ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စေတနာထားလုပ်ကိုင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှာ နိုင်ငံတော်နှင့် ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် မြင့်မြတ်သော လုပ်ငန်းဖြစ်ကြောင်း၊ ထို့ကြောင့် စီမံကိန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ဂုဏ်ယူဖွယ်အလုပ်ကို ကြိုးကြိုးစားစား စေတနာထား၍ လုပ်ကိုင်ကြရန်မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ရှုရပ်မှ ကြည့်ရှုကြသည်။

ဆက်လက်၍ပင်မတမံတည်ဆောက်မည့် နေရာနှင့် တမံမြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ချဉ်းကပ်ဥမင်လိုဏ်အမှတ် (၁) ဖောက်လုပ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ရေသွယ်ဥမင်လိုဏ်ဖောက် လုပ်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို ဖြူးမြို့၏ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ စီမံကိန်းအရ အလျား ပေ ၁၂၆၀၊ အမြင့်ပေ၂၄၀ရှိ ကျောက်ဖြည့်တမံ အပါအဝင် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလထက်စော၍ပြီးစီးရန် စီမံကိန်းဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ရရှိပြီး စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဖြူးချောင်းရေလှောင်တမံ

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ဖြူးမြို့နယ် ဖြူးချောင်း သဘော်မြောင်ရိုးအနီး အကောင်အထည်ဖော်လျက်ရှိသည့် ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး (၄) မှလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတည်ဆောက်အကောင်အထည်ဖော်ရန် ဖြစ်ပေါ်လာခဲ့မှု၊ ပင်မတမံတည်ဆောက်ရန် အသင့်လျော်ဆုံးဖြစ်မည့် နေရာရွေးချယ်မှု၊ စီမံကိန်းတွင်ဦးစားပေးလုပ်ငန်းအဖြစ် အချင်း လေးမီတာ၊ အရှည် ၇၅၅ မီတာရှိရေလွှဲဥမင်ကို စတင်ဖောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာနဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ ရေအားလျှပ်စစ် ဦးစီးဌာနအမှတ် (၃) တည်ဆောက်ရေးမှလက်ထောက်ညွှန်ကြားရေးမှူး ဦးဥာဏ်ဝင်းက ရေသွယ်ဥမင်လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်းနှင့်ရေအား လျှပ်စစ်အဆောက်အအုံပိုင်းဆိုင်ရာ တည်ဆောက်နေမှုများကိုရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးဦးမျိုးမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကိုမှာကြားသည်။ ထို့နောက် လုပ်ငန်းခွင်ဧရိယာကိုရှုရပ်မှ ကြည့်ရှုကြပြီး စီမံကိန်းဧရိယာမှ စမ်းသပ်တူးဖော်ထားသည့်မြေသားနှင့် ကျောက်သားနမူနာများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ ရေအားလျှပ်စစ်မဂ္ဂါဝပ် ၄၀ ထုတ်ယူရရှိပြီး စိုက်ပျိုးရေ ပေးဝေနိုင်မည့်စီမံကိန်းဖြစ်သည်။

ရှင်းလင်းတင်ပြ

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် အုတ်တွင်းမြို့နယ်ရှိခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ ညွှန်ကြားရေးမှူး ဦးဗစ်တာက ရေလွှဲဥမင်လိုဏ် တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ရေလွှဲဆည်တည်ဆောက်ခြင်း၊ မြေသားတမံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် လုပ်ငန်းကဏ္ဍအလိုက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရေအားလျှပ်စစ်ထုတ်ယူရရှိရေးအတွက် ရေအားလျှပ်စစ်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က သိရှိလိုသည်များကိုမေးမြန်းပြီး စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန် အားပေးမှာကြားသည်။

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှာခပေါင်းချောင်းပေါ်တွင် မြေသားတမံတည်ဆောက်၍ လယ်မြေဧရိယာတစ်သိန်းခန့်ရေပေးသွင်း စိုက်ပျိုးရန်နှင့် ရေအားလျှပ်စစ် မဂ္ဂါဝပ် ၃၀ ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဖြစ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ရှုရပ်မှ ကြည့်ရှုကြသည်။

ကုန်းကြောတမံစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၅)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအနက် ကုန်းကြောတမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်အဝင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပင်မတမံ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် အချင်း၁၃ ဒသမ ၁၂ပေ၊ အရှည်ပေ ၁၂၀၀ ရှိ ဖောက်လုပ်ပြီးဖြစ်သော ရေလွှဲဥမင်နှင့် ရေလွှဲဥမင်အထွက်ပိုင်းနေရာကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအနက် ဓာတ်အားပေးစက်ရုံတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် Power Tunnel Outlet ကိုလည်း ဝင်ရောက်ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များသည်ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) မှညွှန်ကြားရေးမှူး ဦးခင်မောင်ယုက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ် ရေလှောင်တမံဘက်စုံစီမံကိန်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းအတွင်းတည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရေအားလျှပ်စစ်နှင့် ရေလှောင်တမံဘက်စုံစီမံကိန်းများ

စဉ်	စီမံကိန်း	တည်နေရာ	တမံအမျိုးအစား	ထုတ်လုပ်နိုင်မည့်ဓာတ်အား
၁။	ရွှေကျင်ရေအားလျှပ်စစ်	ရွှေကျင်မြို့နယ်	ကျောက်ဖြည့်တမံ	၇၅ မဂ္ဂါဝပ်
၂။	ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်း	ကျောက်တံခါးမြို့နယ်	ရေယူဥမင်လိုဏ်	၂၅ မဂ္ဂါဝပ်
၃။	ကွန်းချောင်း ရေအားလျှပ်စစ်	ဖြူးမြို့နယ်	ကျောက်ဖြည့်တမံ	၆၀ မဂ္ဂါဝပ်
၄။	ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း	ဖြူးမြို့နယ်	ရေလွှဲဥမင်	၄၀ မဂ္ဂါဝပ်
၅။	ခပေါင်းရေလှောင် တမံဘက်စုံစီမံကိန်း	အုတ်တွင်းမြို့နယ်	မြေသားတမံ	၃၀ မဂ္ဂါဝပ်

မြတ်ဆရာပူဇော်ပွဲနှင့် ရွှေရတုပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကရင်သောင်ကျေးရွာ အလကဖွင့်ပွဲ၊ မြတ်ဆရာပူဇော်ပွဲနှင့် နှစ်(၅၀)ပြည့် ရွှေရတုပွဲတော်ကိုမေ ၁၈၊၁၉၊နှင့်၂၀ ရက်များတွင် ကျင်းပမည်ဖြစ်သည်။ ရပ်နီး ရပ်ဝေးမှ ဆရာ ဆရာမများ အပူဇော်ခံယူရန်ကြွရောက်ပါရန်နှင့်အလှူငွေများ လှူဒါန်းလိုပါက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းရီ၊ဦးခင်ညို ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကဝမြို့နယ်၊ ဦးဇော်ဇော်မြင့် ဖုန်း-၀၉-၅၀ ၁၅၇၀၈နှင့် ဦးလှဝင်း ဖုန်း-၅၆၆၂၀၃တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

သားငါးဖွံ့ဖြိုး ပြည်အကျိုး

အမှန်တရားအား ခံစားနားလည်နိုင်ကြပါစေ

မြန်မာနိုင်ငံ၏ လက်ရှိပကတိသမိုင်းခေတ်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ကြီးမားသော တိုးတက်ပြောင်းလဲဖြစ်ထွန်းမှုများနှင့်အတူ နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ပထမအဆင့်ဖြစ်သည့် ယာယီအားဖြင့် ဆိုင်းငံ့ထားသော အမျိုးသားညီလာခံကြီးအား ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ပြန်လည်ကျင်းပရန် ထုတ်ပြန်ကြေညာခဲ့သည်အထိ ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သို့သော်လည်း မြန်မာပြည်ပြေး ဝရမ်းပြေးအုပ်စုဝင်များနှင့် နိုင်ငံတကာနယ်ချဲ့ကိုလိုနီလက်သစ်များသည်လည်းကောင်း၊ ပြည်တွင်းရှိ အချို့သော နိုင်ငံရေးသမားအမည်ခံ အဖျက်သမားများသည်လည်းကောင်း မြန်မာနိုင်ငံ၏ ပြောင်းလဲဖြစ်ပေါ်တိုးတက်လာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများအား မျက်ကွယ်ပြု လျစ်လျူရှုပြီး မည်သို့မျှ တိုးတက်ပြောင်းလဲခြင်းမရှိသကဲ့သို့ ပုတ်ခတ်ဝေဖန်နေကြသည့်အပြင် မြန်မာနိုင်ငံအပေါ်တွင် စီးပွားရေးအရ ဒဏ်ခတ်ပိတ်ပင်ရေးကိုပင် တောင်းဆိုလျက်ရှိသည်မှာ မြန်မာနိုင်ငံ၏ အကျိုးစီးပွားထက် ယင်းတို့၏အကျိုးစီးပွားဖြစ်သော ကြားဖြတ်အာဏာရယူရေးအတွက် ဖြစ်သည်ဟု ဆိုရန်မှတစ်ပါး အခြားမရှိပြီ။

မည်သို့ပင်ဖြစ်စေ ပကတိအရှိတရားကို မည်မျှပင်ဖုံးဖိရန် ကြိုးပမ်းစေကာမူ ယာယီမျှသာ ရကောင်းရနိုင်သော်လည်း ထာဝရဖုံးဖိရန် မရနိုင်ပေ။ တစ်နည်းအားဖြင့် မြန်မာမှု ဆိုထုံးစကားအရ ဟုတ်လျှင်ကျော်ပြီး၊ ပုပ်လျှင်ပေါ်မည်သာ ဖြစ်သည်။ စင်စစ် မြန်မာနိုင်ငံ၏ မျက်မှောက်ပကတိ အရှိတရားများသည် မြင်သာထင်သာသော အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းမှုများသည် မည်သည့်ခေတ်တွင်မျှ မရရှိခဲ့ဘူးပေ။ နိုင်ငံရေးအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့နှင့် ငြိမ်းချမ်းရေးရယူနိုင်ခဲ့ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံကျင်းပနိုင်ခြင်းတို့ ဖြစ်သည်။ စီးပွားရေးအရ ဈေးကွက်စနစ်ကို စနစ်တကျအကောင်အထည်ဖော်လာနိုင်ခြင်းတို့အပြင် လယ်ယာစီးပွားရေးတိုးတက်ရန် ဆည်မြောင်းတာတမံများ ရာနှင့်ချီပြီး တည်ဆောက်ပေးခြင်း၊ မြေလွတ်မြေရိုင်းများ၊ ရေကြီးရေနက်ကွင်းများအား လယ်ယာမြေအဖြစ် တိုးချဲ့ဖော်ထုတ်၍ လယ်ယာကောက်ပဲသီးနှံများ စိုက်ပျိုးစေခြင်းတို့ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထောက်အကူပြုသကဲ့ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးနှင့် တိုင်းရင်းသားပြည်သူတို့၏ ကူးသန်းသွားလာမှုကို လွယ်ကူချောမောစေသော မြစ်ကူးတံတားကြီးများအပါအဝင် လမ်းတံတားများကို တိုးချဲ့တည်ဆောက်ဖောက်လုပ်နိုင်ခဲ့သည်။ အလားတူပင် လူမှုရေးအရ ပညာရေးနှင့် ကျန်းမာရေးတို့တွင်လည်း အခြေခံမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများကိုလည်း ဘာသာရပ်ဆိုင်ရာအလိုက် တိုးချဲ့တည်ဆောက် ဖွင့်လှစ်သင်ကြားပေးလျက် ရှိသကဲ့သို့ ဆေးရုံများ၊ ဆေးပေးခန်းများကိုလည်း တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ကျေးလက်ဒေသများအထိ အဆင့်လိုက် တိုးချဲ့တည်ဆောက် ဖွင့်လှစ်ပြီး ပြည်သူတို့၏ကျန်းမာရေးကို စောင့်ရှောက်ကုသပေးလျက်ရှိသည်။ ဤသည်တို့မှာ မြန်မာနိုင်ငံတွင် ပကတိအရှိတရားအရ ဖြစ်တည်နေသော ပြောင်းလဲတိုးတက်မှုများပင် ဖြစ်သည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံ၏ ပကတိအရှိတရားများကို အပြုသဘောဖြင့် လေ့လာနားလည် စာနာကြသော အာဆီယံနိုင်ငံများနှင့် ဒေသတွင်းရှိ နိုင်ငံများက မြန်မာနိုင်ငံနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အချို့သော ဥရောပနိုင်ငံများကလည်း အပြုသဘောဖြင့် ချဉ်းကပ်လေ့လာလျက်ရှိကြသည်။ ယင်းအပြင် ပြည်ပရောက် မြန်မာပညာရှင်အများစုနှင့် ပြည်ပ ပညာရှင်အချို့ကလည်း အပြုသဘောဖြင့် လေ့လာပြီး စာတမ်းများပြုစုရေးသား၊ ဖတ်ကြား ဟောပြောကြသည်ကိုလည်း လေ့လာသိရှိရသည်။

ယင်းတို့အနက် ၂၀၀၄ ခုနှစ် မတ်လ ၂၅ ရက်နေ့က အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်တွင် ကျင်းပခဲ့သော **“အမေရိကန်နှင့် မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးကို ပြန်လည်သုံးသပ်ခြင်း”** ဟောပြောပွဲမှ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး နှစ်ပေါင်းသုံးလေးဆယ်ခန့် လေ့လာကျွမ်းကျင်ခဲ့ကြသည့် အမေရိကန် ပါမောက္ခဟောင်း ဂျွန်ဘက်ရှ်လေ၊ ဂျော့ဂျ်တောင်းတက္ကသိုလ်ပါမောက္ခ ဒေးဗစ်စတိုင်း ဗြိတိသျှ ပါမောက္ခဟောင်း ရောဘတ်တေလာ၊ စင်ကာပူတက္ကသိုလ် နိုင်ငံရေးပညာ လက်ထောက်ပါမောက္ခ ဦးကျော်ရင်လှိုင်အပါအဝင် အင်တာနေရှင်နယ် ခရိုက်ဆစ်(စ်)ဂရု(ပ်)မှ အထက်တန်း ဝေဖန်ဆန်းစစ်သူ မော်တင်ပီတာဆင်တို့၏ ဟောပြောချက်များကို လိုရင်းသဘောမျှ တင်ပြချင်ပါသည်။

ဤတွင် ပထမဦးစွာ ပါမောက္ခဟောင်း ဂျွန်ဘက်ရှ်လေက ဟောပြောသွားသည်မှာ **“အခု မြန်မာစစ်အစိုးရဟာ သဘောထားပြောင်းလဲလာတယ်လို့ မိမိထင်မြင်ပြီး ပိတ်ပင်မှုချမှတ်တာဟာ မြန်မာနိုင်ငံအတွက် ချမှတ်ပေးမယ့်အစား အမေရိကန်အကျိုးစီးပွားတွေကိုကြည့်ပြီး လုပ်ဆောင်သင့်ကြောင်း၊ အထူးသဖြင့် အမေရိကန်ရဲ့ မဟာဗျူဟာအကျိုးစီးပွားကို အရေးတကြီးထားသင့်တဲ့အတွက် အမေရိကန်နိုင်ငံနဲ့ အမေရိကန်နိုင်ငံသားတွေဟာ မလိုအပ်ဘဲ ရန်သူတွေမတိုးလိုပါ။ မလိုအပ်ဘဲ မြန်မာနိုင်ငံကိုလည်း ရန်သူလုပ်ထားတော့ မြန်မာနိုင်ငံမှာ အမေရိကန်ရဲ့ ရင်းနှီးမြှုပ်နှံမှုမရှိဘဲ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဒေသတွင်းနိုင်ငံတွေက စီးပွားရေး ခြေသွက်နေတာကို အမေရိကန်နိုင်ငံအနေနဲ့ စိုးရိမ်သင့်တဲ့အကြောင်း”** ဝေဖန်ပြောကြားခဲ့သည်။

ယင်းနောက် စင်ကာပူ တက္ကသိုလ် နိုင်ငံရေးပညာလက်ထောက်ပါမောက္ခ ဦးကျော်ရင်လှိုင်က ဟောပြောသည်မှာ **“မိမိပြောချင်တာကတော့ ပိတ်ပင်မှုဟာ အလုပ်မဖြစ်တဲ့အပြင် မြန်မာနိုင်ငံကို အထောက်အကူမပြုဘဲ အခြေအနေကို ပိုပြီး ဆိုးရွားစေပါတယ်။ ပိတ်ပင်မှုဟာ အစိုးရကို မထိခိုက်ဘူးလို့ မပြောနိုင်ပေမယ့် လူထုကို ပိုမိုထိခိုက်တဲ့အကြောင်း၊ ပိတ်ပင်မှုကို ထောက်ခံသူတွေအနေနဲ့ ဒီလူထုတွေ ထိခိုက်တာဟာ ရောပါသွားတာ၊ မတော်တဆဖြစ်သွားကြတာလို့ ပြောနိုင်ကြပေမယ့် အဲဒီလိုကြားထဲမှာ ရောပါသွားတဲ့ လူထုတွေဟာ မိမိတို့ရဲ့ မိတ်ဆွေတွေ၊ မိသားစုဝင်တွေ၊ ဆွေမျိုးတွေ၊ နိုင်ငံသားတွေဖြစ်တဲ့အတွက် သူတို့ပြောတာကို ကြားရရင်ဖြစ်ဖြစ်၊ ကြားခွင့်ရရင်ဖြစ်ဖြစ် အခုလို ပိတ်ပင်မှုတွေ ထောက်ခံလိုစိတ်ရှိမှာမဟုတ်တဲ့အကြောင်း”** မြန်မာနိုင်ငံသားတစ်ဦး၏ ခံစားချက်ဖြင့် ဟောပြောသွားခဲ့သည်။

ကေတုနိလာ

အလားတူပင် ဂျော့ဂျ်တောင်းတက္ကသိုလ် ပါမောက္ခ ဒေးဗစ်စတိုင်းဘတ်ကလည်း **“အမေရိကန်အစိုးရက မြန်မာစစ်အစိုးရရဲ့ ကောင်းကွက်တွေကို အသိအမှတ်ပြု ပြောကြားခြင်းမရှိသလို အခြေခံအဆောက်အအုံတွေ တည်ဆောက်တာ၊ အပစ်အခတ်ရပ်စဲမှုတွေလုပ်တာ၊ ဘိန်းစိုက်ပျိုးမှုကို လျှော့ချနိုင်ခဲ့တာတွေကို အမေရိကန်အစိုးရက တရားဝင်ပြောဆိုခြင်း မရှိခဲ့ကြောင်း၊ အထက်လွှတ်တော်အမတ် မက်ကော်နယ်ပြောသလို ပိတ်ပင်မှု ချမှတ်ရတာဟာ မြန်မာစစ်အစိုးရ ပြောင်းလဲရေးအတွက် အကြောင်းရင်းဖြစ်တယ်လို့ ဆိုပေမယ့် ပိတ်ပင်မှုဟာ စစ်အစိုးရပြောင်းလဲသွားမယ်လို့ မထင်တဲ့အကြောင်း၊ တကယ်က စစ်အစိုးရကို ကမ္ဘာ့နိုင်ငံတွေနဲ့ ပိုမိုထိတွေ့ဆက်ဆံလာအောင် လုပ်ရမယ့်အစား ကျွန်တော်တို့ အမေရိကန်နိုင်ငံက အထီးကျန်အောင်လုပ်နေတယ်။ အမေရိကန်အစိုးရအဆက်ဆက်က မြောက်ကိုရီးယားကို ပိုမိုဆက်ဆံလာအောင်လုပ်ပြီး အပြောင်းအလဲဖြစ်အောင်လုပ်ဖို့ ကြိုးစားနေသလိုပဲ မြန်မာနိုင်ငံကိုလဲ အလားတူ ဆက်ဆံရမှာဖြစ်တဲ့အကြောင်း၊ ဒီပိတ်ပင်မှုဟာ အမေရိကန်ရဲ့ အကျိုးစီးပွားကိုလည်း ထိခိုက်စေတယ်လို့ ထင်ကြောင်း”** ဟောပြောခဲ့သည်။

ထိုနည်းတူ လန်ဒန်တက္ကသိုလ် နိုင်ငံရေးပါမောက္ခဟောင်းဖြစ်ပြီး စင်ကာပူ အရှေ့တောင်အာရှ လေ့လာရေးဌာန၏ သုတေသနပညာရှင် ဒေါက်တာ ရောဘတ်တေလာကလည်း **“စစ်အစိုးရဟာ အကြီးအကျယ်ပြောင်းလဲသွားပြီး ၁၉၈၈ ခုနှစ်က အာဏာယူခဲ့တဲ့အစိုးရနဲ့ တော်တော်ကွာခြားသွားသလို နိုင်ငံရေးအကွက်တွေ အများကြီးမြင်တဲ့အပြင် အများကြီး တတ်မြောက်လာခဲ့ကြောင်း၊ အခြေအနေ အရပ်ရပ်ကို နိုင်နိုင်နင်းနင်း ကိုင်တွယ်ဖြေရှင်းနိုင်ပြီး နိုင်ငံကို အုပ်ချုပ်ရာမှာ အခက်အခဲတွေကြားက မှတ်လောက်သားလောက်အောင် အပြောင်းအလဲတွေ လုပ်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် စစ်အစိုးရဟာ ပြည်တွင်းရေးနဲ့ အပြည်ပြည်ဆိုင်ရာတွေမှာ ဖြေရှင်းနိုင်စွမ်းရှိပြီး အပစ်အခတ်ရပ်စဲရေး ကိစ္စတွေကို လုပ်နိုင်ခဲ့တဲ့အကြောင်း”** ပြောသွားခဲ့သည်။

ယင်းအပြင် အင်တာနေရှင်နယ် ခရိုက်ဆစ်(စ်)ဂရု(ပ်)မှ မော်တင်ပီတာဆင်က **“စစ်အစိုးရဟာ အရင်ကထက် ပိုမိုခိုင်မာပြီး ပိတ်ပင်မှုနဲ့ ဖြုတ်ချလို့မရသလို ဒီမိုကရေစီထူထောင်ရာမှာ ပါတီအဖွဲ့အစည်းတွေကလည်း အားနည်းလှတဲ့အကြောင်း”**ဟောပြောပြီးနောက် ဒေါက်တာဂျွန်ဘက်ရှ်လေက **“မိမိတို့ ဟောပြောသူအားလုံး သဘောတူညီတားတဲ့အချက်က မြန်မာနိုင်ငံမှာ မကြာခင် အမျိုးသားညီလာခံ ကျင်းပဖြစ်ဖို့နဲ့ ရွေးကောက်ပွဲတစ်မျိုးမျိုးကျင်းပဖို့ အလားအလာများတဲ့အကြောင်း”** နိဂုံးချုပ် သုံးသပ်ဟောပြောခဲ့သည်။

တစ်ဆက်တည်း တင်ပြချင်သည်မှာ NBAR အာရှ သုတေသနအဖွဲ့က ၂၀၀၄ ခုနှစ် မတ်လဆန်းတွင် ထုတ်ဝေခဲ့သော အယ်ဒီတာ ဂျွန်ဘက်စလေတည်းဖြတ်သည့် **“မြန်မာနိုင်ငံ ပြန်လည်သင့်မြတ်ရေး၊ အမေရိကန်-မြန်မာ ဆက်ဆံရေးစာတမ်းများ”**စာအုပ်မှ သဘောထား၊ အယူအဆများဖြစ်သည်။ စာအုပ်ကိုတည်းဖြတ်သူ ဂျွန်ဘက်စလေသည် ၁၉၅၇ ခုနှစ်တွင် ဇနီးဖြစ်သူနှင့်အတူ မြန်မာနိုင်ငံကို လာရောက်ခဲ့ပြီး ၁၉၅၇-၅၈ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ခရီးထွက်လေ့လာ၍ မြန်မာနိုင်ငံနှင့်ပတ်သက်သော ပါရဂူဘွဲ့ စာတမ်းအား ရေးသားပြုစုကာ အမေရိကန်နိုင်ငံ ဘာကလေတက္ကသိုလ်မှာ တင်သွင်းခဲ့သည်။ သမီးဖြစ်သူကို ရန်ကုန်မှာ မွေးဖွားခဲ့သည်။ ပါရဂူဘွဲ့ စာတမ်းတင်ပြီးနောက် မြန်မာစကားကို စနစ်တကျလေ့လာရန် ကော်နယ်လ်တက္ကသိုလ်တွင် မြန်မာစာ၊ မြန်မာစကားကို လေ့လာခဲ့သူဖြစ်သည်။ ယင်းနောက် မြန်မာနိုင်ငံသို့ ပြန်လာ၍ မကွေး၊ ပခုက္ကူ၊ မုံရွာမြို့များတွင် တစ်နှစ်ခန့် နေထိုင်ပြီး မြန်မာလူမျိုးအလွှာစုံမှ ၁၂၀ ကျော်နှင့် တွေ့ဆုံမေးမြန်းလေ့လာကာ **“မြန်မာတို့အကြား နိုင်ငံရေး”** စာအုပ်အား ရေးသားထုတ်ဝေခဲ့သည်။

ယခု မတ်လဆန်းတွင် ထုတ်ဝေခဲ့သော ဂျွန်ဘက်စလေ တည်းဖြတ်သည့် **“မြန်မာနိုင်ငံ ပြန်လည်သင့်မြတ်ရေး စာတမ်း”**တွင် ရေးသားထားသည်မှာ **“အမေရိကန်က စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီပေါ်ထွန်းလာရေးအတွက် အထောက်အပံ့မဖြစ်နိုင်သကဲ့သို့ အုပ်ချုပ်သူအထက်လွှာကိုလည်း မထိခိုက်သည့်အပြင် ပိုပြီး ပြင်းထန်လာစေနိုင်ကြောင်း၊ အမေရိကန်အစိုးရက ပိုပြီး စိတ်ရှည်သည်းခံ၍ မြန်မာနိုင်ငံ၏ အောက်ခြေအနေအထားကို လေ့လာရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်တို့ကို ကူညီမှုများနှင့်အတူ မြန်မာပြည်သူများ၏ တိုးတက်အောင် လုပ်ဆောင်နိုင်သော စွမ်းရည် အတိုင်းအတာနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ရာ မိမိဖြစ်စေချင်သည်ကို အဓမ္မလုပ်ရန် မသင့်ကြောင်း၊ ယင်းအပြင် အရေးယူပိတ်ဆို့မှုများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခြေခံနိုင်ငံရေး သဘောသဘာဝကို နားမလည်၊ သဘောမပေါက်ရာ ရောက်ကြောင်း”** စသဖြင့် သုံးသပ်တင်ပြထားသည်။

အလားတူပင် ၂၀၀၄ ခုနှစ် မတ်လ ၃၁ ရက်နေ့ ည ၈ နာရီ ၁၅ မိနစ်တွင် ဘီဘီစီအသံလွှင့်ဌာနက ထုတ်လွှင့်ခဲ့သော မြန်မာပိုင်း အစီအစဉ်မှ **“မြန်မာ့အရေး ကမ္ဘာ့အရေးကဏ္ဍမှ တင်ပြချက်”**အခန်းတွင်လည်း ဂျွန်ဘက်စလေက မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သဘောထားကို ရှင်းလင်းဖြေကြားခဲ့သည်မှာ **“မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်းဆိုတဲ့ စကားဟာ အမေရိကန်မှာ အင်မတန် ဆိုးရွားတဲ့စကားဖြစ်နေပေမယ့် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲဆိုတာ ကြေညာလုပ်ကိုင်လာပြီးတဲ့နောက် အမေရိကန်ပြည်ထောင်စုအတွက် ပြဿနာတွေ တက်နေတဲ့အချိန်မှာ အရှေ့တောင်အာရှနိုင်ငံတွေထဲက အကြမ်းဖက်မှုတိုက်ဖျက်ရေးကို ပူးပေါင်းဆောင်ရွက်ပါ့မယ်ဆိုတာ မြန်မာနိုင်ငံဟာ အရင်ဆုံးပြောခဲ့ကြောင်း၊ ကျွန်တော် မြန်မာနိုင်ငံသွားတုန်းက အမေရိကန်သံရုံးဟာ တစ်အုပ်စုတည်းနဲ့သာ ဖောက်ချဆက်သွယ်လုပ်ကိုင်နေတာတွေ့ရပြီး အမေရိကန်ပြည်ထောင်စုရဲ့ မြန်မာနိုင်ငံဆိုင်ရာမူဝါဒဟာ ၁၅ နှစ်လုံးလုံး လူပုဂ္ဂိုလ်တစ်ဦးတည်းပေါ်မှာ အခြေပြုချမှတ်ထားတာတွေ့ရသလို အမေရိကန်ရဲ့ မြန်မာနိုင်ငံဆိုင်ရာမူဝါဒကို လူပုဂ္ဂိုလ်တစ်ဦးတည်းကသာ ချမှတ်ပြဋ္ဌာန်း ပေးလာနိုင်တာကိုလည်း တွေ့ရတော့ အမေရိကန်နိုင်ငံဟာ ဒီလိုသဘောထားမျိုးကို ဘယ်နိုင်ငံအပေါ်မှာမှ မထားရှိသင့်ကြောင်း၊ အမေရိကန်ပြည်ထောင်စုဟာ ဒီမိုကရေစီ စကားပြောသူတွေရဲ့ စကားကိုသာ နားထောင်ပြီး စီးပွားရေးဖွံ့ဖြိုးဖို့၊ အလုပ်အကိုင်သစ်တွေ ဖန်တီးပေးဖို့ စိတ်မဝင်စားတဲ့အပြင် အခုဆိုရင် အမေရိကန်ရဲ့ အရေးယူမှုကြောင့် မြန်မာနိုင်ငံမှာ အလုပ်အကိုင်ပေါင်း ငါးသိန်းလောက် ဆုံးရှုံးခဲ့ရကြောင်း၊ ပြည်ပရောက် မြန်မာ့အရေး လှုပ်ရှားသူတွေက မတရားခိုင်းစေခံရတဲ့ စက်ရုံဆိုတဲ့ အဲဒီစက်ရုံတွေက အလုပ်သမားတွေရဲ့ဘဝဟာ အခြားအလုပ်သမားတွေထက် အများကြီးအဆင်ပြေကြတယ်။ အဲဒီလိုအလုပ်အကိုင်သစ်များ ဖန်တီးပေးသင့်ကြောင်း”** ရှင်းလင်းဖြေကြားခဲ့သည်။

ဤသို့လျှင် နှစ်ပေါင်း သုံးလေးဆယ်ကျော် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အစဉ်တစိုက် ထဲထဲဝင်ဝင် ကျွမ်းကျင်နှံ့စပ်စွာ သွားရောက် ထိတွေ့လေ့လာခဲ့ကြသည့် ပညာရှင်များက မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ ပကတိအရှိတရားကို စာနာခံစား နားလည်ပြီး အပြုသဘောများဖြင့် ဝေဖန်သုံးသပ် အကဲဖြတ်သော အယူအဆနှင့် ရပ်တည်ချက်များသည် ယင်းတို့၏ ကိုယ်ကျိုးစီးပွားမရှိ လူ့အသိတရားအရ လူ့ကျင့်ဝတ်သိက္ခာနှင့်အညီ လူပီသသော လူသားချင်း စာနာမှုပင် ဖြစ်သည်။

စင်စစ် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အပြုသဘော ဝေဖန်သုံးသပ် အကဲဖြတ်ကြသော ဟောပြောတင်ပြ ရေးသားပြုစုကြခြင်းဖြင့် ယင်းပညာရှင်ပုဂ္ဂိုလ်များ၏ ကိုယ်ကျိုးစီးပွားဟူ၍လည်း မြန်မာနိုင်ငံတွင် လုံးဝနတ္ထိ ဘာမျှမရှိပေ။ ယင်းပညာရှင်ပုဂ္ဂိုလ်များသည် နိုင်ငံရေးအာဏာအတွက်၊စည်းစိမ်ချမ်းသာအတွက် မျှော်မှန်းချက်မထားဘဲ မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေချင်သည့် ဆန္ဒတရားဖြင့် ဟောပြောတင်ပြ ပြုစု ရေးသားကြခြင်းပင် ဖြစ်သည်။

ချုပ်၍ ဆိုပါတော့မည်။ ကိုယ်ကျိုးစီးပွားမပါသော ပညာရှင်ပုဂ္ဂိုလ်များ၏ ရပ်တည်ချက် သဘောထား၊ အယူအဆများနှင့် မြန်မာပြည်ပြေး ဝရမ်းပြေးများ၊ ပြည်တွင်းမှ နိုင်ငံရေးသမားအမည်ခံ လူပုဂ္ဂိုလ်အချို့အပါအဝင် ပြည်တွင်း ပြည်ပအဖျက်သမားများ၏ ကြားဖြတ်အာဏာရရေးဟူသော ကိုယ်နှင့် ကိုယ့်အုပ်စု အကျိုးစီးပွားအတွက် မျှော်လင့်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံချဲ့ကား လိမ်ညာစားနေသူများက မြန်မာနိုင်ငံအား ပိတ်ဆို့နှောင့်ယှက် စွက်ဖက်ကျူးကျော်ပေးမှ ဒီမိုကရေစီရမည်ဟူသော လူသားမဆန်စွာ လူ့ကျင့်ဝတ်သိက္ခာဖောက်ဖျက်သည့် ရပ်တည်ချက်သဘောထား၊ အယူအဆများသည် မည်သူမှန်၍၊ မည်သူမှားသည်ကို အမေရိကန်အစိုးရအပါအဝင် အနောက်အုပ်စုနိုင်ငံကြီးများက ဝေဖန်ပိုင်းခြားပြီး **အမှန်တရားကို ခံစားနားလည်နိုင်ကြပါစေ** ဟု အလေးအနက် ဆန္ဒပြုအပ်ပါသည်။ ။

နိုင်ငံနှင့်လူမျိုးအကျိုးရှိစေမည့် ရှေ့လုပ်ငန်းစဉ်များချမှတ် ပုံနှိပ်နှင့်မြန်မာစာပေ အဆင့်မြှင့်ရေးလုပ်ငန်းစဉ်များပါဝင်ရေးဆွဲ တတိယအကြိမ်စာပေညီလာခံအစည်းအဝေး ကျင်းပနိုင်ရေးညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ၂၀၀၄ ခုနှစ် မေလဒုတိယပတ်တွင်ကျင်းပမည့် တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)နှင့် ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး) နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင် ကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အရည်အသွေးမြင့်စာတမ်းတင်သွင်း

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၀၀ ကျော်ရှိသည့်အနက် မြို့နယ်ပေါင်း ၁၇၇ မြို့နယ်၌ အသင်း ဝင်အင်အား ၆၀၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် အသင်းကြီးဖြစ်သည့်အတွက် ကျယ်ပြန့်သော အစိုးရမဟုတ်သည့် လူမှုရေး အသင်းအဖွဲ့ကြီး တစ်ခုဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူ ၅၂ သန်းကျော် အပေါ်တွင်လည်း စာပေဖြင့် ထိတွေ့ဆက်သွယ်သော အသင်းကြီးဖြစ်သည့်အတွက် တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ အဆင့်အတန်းမြင့်မြင့်မားမား ခမ်းနားထည်ဝါသိုက်မြိုက်စွာ ကျင်းပရန်လိုကြောင်း၊ တတိယအကြိမ် ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီးကလည်း မိမိတို့လုပ်ငန်းကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားကြပြီး ဖြစ်သကဲ့သို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း လိုအပ်သည်များကို ကူညီပံ့ပိုးမှုများပေးလျက်ရှိကြောင်း၊ ယခင်ညီလာခံက ချမှတ်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် အားနည်းချက် အားသာချက်များကို မှန်ကန်စွာ ဝေဖန်သုံးသပ်စိစစ်ကြပြီးလျှင် စာပေ၊ စာပေလောကသားများ၊ နိုင်ငံနှင့်လူမျိုး အတွက်ပါ အကျိုးရှိစေမည့် ရှေ့လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ရန်လိုကြောင်း၊ ပုံနှိပ်လောကအဆင့်မြှင့်တင်ရေး၊ မြန်မာစာပေအဆင့်မြှင့်တင်ရေးနှင့် စာပေလောကအဆင့်မြှင့်တင်ရေး လုပ်ငန်းစဉ်များကိုပါ ပါဝင် ရေးဆွဲချမှတ်ကြစေလိုကြောင်း၊ တင်သွင်းဆွေးနွေးမည့် စာတမ်းများကိုလည်း အရည်အသွေးမြင့်မားသည့် စာတမ်းများဖြစ်အောင်ပြုစုတင်သွင်းကြရန်နှင့် လုပ်ငန်းကော်မတီအလိုက် လိုအပ်ချက်များကိုလည်း ပွင့်လင်းစွာ ဆွေးနွေးတင်ပြကြစေလိုကြောင်းဖြင့် ပြောကြားသည်။

အခြေအနေ

ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)က တတိယအကြိမ်စာပေညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပနိုင်ရေးအတွက် ဗဟိုအမှုဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့်ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စားလှယ်စိစစ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးနှင့်သတင်းဖြန့်ချိရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌဦးလှထွန်း (လှထွန်း–တွံတေး)၊ ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ကြိုဆိုနေရာချထားရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)၊ အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်၊ ဧည့်ခံကျွေးမွေးရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌဦးခင်မောင်ထွန်း(ခင်မောင်ထွန်း–လမ်းမတော်)၊ ဆုံးဖြတ်ချက်နှင့် မှတ်တမ်းပြုစုရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးဦးခင်ဆွေ(ရွှေစွန်ညို)၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်း (မြင့်သိန်းအောင်)နှင့် လုံခြုံရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမြင့်(ရဲခေါင်ဝင်း–ကျိုက္ကော်)တို့က သက်ဆိုင်ရာလုပ်ငန်း ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးတင်ပြကြပြီး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေးအပြီးတွင် တတိယအကြိမ်စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ အလှူငွေကျပ် ငါးသိန်းကို ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းမိသားစုများ၏ အလှူငွေကျပ် ငါးသိန်းကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း(မြင့်သိန်းအောင်)က လည်းကောင်းပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က လက်ခံသည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

မည်သူမဆို မိမိဌာန၊ မိမိ စက်ရုံ၏ ရွှေရတုအခမ်းအနားကို ဝင်ရောက်ပါဝင်ဆင်နွှဲလိုကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။

အာရောဂျံ ပရမံလာဘံဆိုသည့်အတိုင်းကျန်းမာရေးသည် လာဘ်တစ်ပါးဖြစ်သည်။ လူသားများအသက်ရှင်သန်နေထိုင်ရေးအတွက် ကျန်းမာရေးသည် အရေးကြီးဆုံးဖြစ်သည်။ ထို့ကြောင့်နိုင်ငံတော်အစိုးရက ပြည်နယ်နှင့်တိုင်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် ဆေးရုံ အကြီး၊ အသေးအငယ်မှအစ ဒေသကို လူနေမှုအနည်းအများကိုလိုက်ကာ တိုးချဲ့ဖွင့်လှစ် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆေးရုံများတစ်ဖွဲ့ဖွဲ့ပေါ်ပေါက်လာမှုနှင့်အတူ ဆေးဝါးထုတ်လုပ်မှုသည်လည်းစဉ်ဆက်မပြတ်ထုတ်လုပ်ရန်လိုအပ်လာပေသည်။

ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက ပြည်သူများအား ရန်သူနှင့်တူသော ရောဂါအမျိုးမျိုးကို တိုက်ဖျက်ရာတွင် ဆေးဝါးကို အဓိကလက်နက်အဖြစ်အသုံးပြုကြရသည်။ ဆေးဝါးများကို အဆက်မပြတ်ထုတ်လုပ်ပေးနေသည့် စက်ရုံကြီးကား တစ်ချိန်သောအခါက ကျန်းမာရေးမဏ္ဍိုင် ဘီပီအိုင်ဟုခေါ်ဆိုကြွေးကြော်ခဲ့ကြသည့် ယနေ့ကာလ MPF ခေါ် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံကြီးဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဘေးစစ်ဒဏ်အသင့်ခံရသော နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ရာ စစ်ဒဏ်ကြောင့်ပြည်သူများ သေဆုံးခြင်း၊ အာဟာရဓာတ်ချို့တဲ့ခြင်း၊ ရောဂါကာကွယ်သည့်ဆေးဝါးများ ပြတ်လပ်မှုတို့ကြောင့် ပြည်သူအများအပြားသေဆုံးခဲ့ရသည်။

အကောင်အထည်ဖော်ခဲ့

ယင်းသို့ ခါးသီးသောအတွေ့အကြုံများကြောင့် ၁၉၄၈ခုနှစ် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် ဆေးဝါးလုပ်ငန်းစက်ရုံတစ်ရုံ တည်ဆောက်ရန် ဖြစ်ပေါ်လာခဲ့ပြီး ၁၉၅၂ ခုနှစ် ဩဂုတ်လတွင်ကျင်းပသော ပထမအကြိမ်ပြည်တော်သာ ညီလာခံမှ စီမံကိန်းကြီး (၁၀)ခု၌ ဆေးနှင့်ကျန်းမာရေးတစ်ရပ်ပါဝင်ခဲ့သည်။ အမျိုးသားစီမံကိန်းဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့ပါဝင်သော အဖွဲ့တစ်ဖွဲ့ကို ဆေးဝါးလုပ်ငန်းများလေ့လာရန် ၁၉၅၃ခုနှစ်တွင် အင်္ဂလန်နှင့် ဥရောပနိုင်ငံများသို့ စတင်စေလွှတ်ခဲ့ကြသည်။ ထိုအဖွဲ့၏ အစီရင်ခံစာအရ နိုင်ငံတော်အစိုးရ ဝန်ကြီးများအဖွဲ့သည် ၁၉၅၃ခုနှစ်အတွင်း အထူးစီမံကိန်းရုပ်လုံးပေါ်ရေးအဖွဲ့ကိုဖွဲ့ကာ အဆိုပါ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

စက်ရုံပန္နက်ချခဲ့

၁၉၅၃ ခု အောက်တိုဘာလ ၂၀ရက်တွင် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတွင် နာမည်ကျော်ကြားခဲ့သော အင်္ဂလန်နိုင်ငံ လီဗာပူမြို့ရှိ အီဗင်း ဆေးဝါးထောက်ပံ့ရေး လီမိတက် (Exams Medical Supplies Ltd.)နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရတို့သည် မြန်မာနိုင်ငံ ဆေးဝါးစက်ရုံ တည်ဆောက်ရေး စီမံကိန်းအတွက် စာချုပ်ချုပ်ဆိုခဲ့ကြပြီး ၁၉၅၄ခုနှစ် ဧပြီ၂၃ရက်တွင် အင်းစိန်မြို့နယ် ကြို့ကုန်း(အနောက်) မြေဧရိယာ ၇၉ ဧကပေါ်၌ စက်ရုံတည်ဆောက်ရန် ပန္နက်ချခဲ့ကြသည်။

စတင်ဖွင့်လှစ်

ပင်မဆေးဝါးထုတ်လုပ်ရေးကို တတ်နိုင်သမျှ အမြန်ပြီးစီးရန် ဦးစားပေး ဆောင်ရွက်ခဲ့ရာ စက်ပစ္စည်းပိုင်းတပ်ဆင်မှု၊ အဆောက်အအုံပိုင်းတည်ဆောက်မှုတို့သည် ၁၉၅၇ ခုနှစ် ဧပြီလတွင် အားလုံးပြီးစီးသွားသည့်အတွက် စတင်ထုတ်လုပ်ရန် စက်ရုံကို ၁၉၅၈ ခုနှစ် ဧပြီ ၂၃ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

ဆက်လက်ကြိုးပမ်းမည်

စာရေးသူအား ဒုစက်ရုံမှူးဦးဝင်းအောင်က မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း စက်ရုံကြီး ယခုကဲ့သို့ ဖြတ်သန်းကျော်လွှားနိုင်ခဲ့ခြင်းသည် ဦးစီးဦးဆောင်ပြုခဲ့သည့် ပုဂ္ဂိုလ်ကြီးများနှင့်အဆင့်ဆင့်သော ကာယဉာဏဝန်ထမ်းများ၏ အမိန့်နာခံမှု၊ သစ္စာရှိမှု၊ မဆုတ်မနစ် ဇွဲလုံ့လဝီရိယ အပြည့်နှင့် အားထုတ်ကြိုးပမ်းမှုများကြောင့်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ထမ်းဆောင်နေသည့် စက်ရုံကြီးမှာ အရှိန်အဟုန်မပျက် ဘက်ပေါင်းစုံမှ တိုးတက်အောင်မြင်မှုရရှိအောင်ဆက်လက်ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း။

ထိုးဆေးထုတ်လုပ်ရေးစက်ရုံ

ဆေးဝါးစက်ရုံမှဆေးဝါးများကို တိုးချဲ့ထုတ်လုပ်လျက်ရှိသည့်အပြင် ဆေးဝါးအမယ်သစ်(အမည်သစ်)များကို ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မြန်မာနိုင်ငံအတွက် အတည်ပြုသတ်မှတ်ပေးခဲ့သည့်အဓိကဆေးဝါး ၆၃မျိုးကိုလည်း ပြတ်လပ်မှုမရှိအောင် ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ နှစ်၅၀တာရယူဆည်းပူးခဲ့သည့် အတွေ့အကြုံများကြောင့် မွေးမြူရေးစီမံကိန်း၊ ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန (DCPT)၊ အဏုဇီဝဆေးဝါး (စိမ်းပြာရေညှိ)ထုတ်လုပ်ရေးစီမံကိန်း၊ ထိုမှတစ်ဆင့် ပရိဗိမင်သဘာဝအားဆေးထုတ်လုပ်ရေး၊ အဓိက ရောဂါကာကွယ်ဆေးများ၊ ထုတ်လုပ်ရန်ရည်ရွယ်ပြီး အထူးဆေးဝါးထုတ်လုပ်ရေး အမှတ်(၁)နှင့် အမှတ်(၂)စီမံကိန်း၊ ပြင်ဦးလွင်ဆေးဝါးထုတ်လုပ်ရေး စက်ရုံနှင့် တစ်ခါသုံးဆေးထိုးအပ်နှင့် ထိုးဆေးထုတ်လုပ်ရေးစက်ရုံ(အင်ယောင်း) စီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း အသေးစိတ် ရှင်းလင်းပြောကြားသည်။

စာရေးသူ၏ရင်ထဲတွင်လည်း စွဲမြဲသွားမိသည်မှာ နှစ်ပေါင်း ၃၀၊ ၄၀ ကျော် အတွေ့အကြုံရှိသော ဆေးဝါးဖော်စပ်ရေးကျွမ်းကျင်ပညာရှင်များ၊ စက်မှုအတတ်ပညာရှင်များ၊ ကျွမ်းကျင်ဝန်ထမ်းများက မိမိတို့၏ဘဝကို စက်ရုံတွင် မြှုပ်နှံထားပြီး ခေတ်မီတိုးတက်သော နည်းပညာရပ်များ၊ ကမ္ဘာမှ စံပြုထားသော ထုတ်လုပ်မှုနည်းစနစ်များဖြင့် အရည်အသွေးကောင်းမွန်ပြီး အစွမ်းထက်သော ဆေးဝါးများကို မဆုတ်မနစ်သော ဇွဲဖြင့် အစဉ်တစိုက် ကြိုးပမ်းထုတ်လုပ်ပေးနေမှုပင်ဖြစ်ကြောင်း၊ ယခုအတိုင်း ဆက်လက်ကြိုးစားသွားမည်ဆိုပါက မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံကြီး၏ ရာပြည့်ပွဲတော်ကြီးကို ဆင်နွှဲကျင်းပနိုင်ပေဦးမည်ဟု ယုံကြည်မိပါသည်။ ။

(မြန်မာ့အလင်း)

၁၉၅၄ ခုနှစ် ဧပြီ ၂၃ရက်က စတင်အုတ်မြစ်ချ တည်ဆောက်ခဲ့သော အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်း နှစ်(၅၀)ပြည့် ရွှေရတုစက်ရုံကြီးကို တွေ့ရစဉ်။ (ဓာတ်ပုံ–ညိုမောင်)

24-4 (11).p65 1 03/24/1905, 8:38 PM

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဆုပြည့်ရတနာလမ်း ကိုယ့်အားကိုယ်ကိုး စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၆)ရပ်ကွက် ဆုပြည့်ရတနာလမ်း ကိုယ့်အားကိုယ်ကိုး စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၆)ရပ်ကွက် ဆုပြည့်ရတနာလမ်း ကိုယ့်အားကိုယ်ကိုး စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၆ နာရီခွဲက အဆိုပါ စက်ရေတွင်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းတို့က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၅၆)ရပ်ကွက် ဆုပြည့်ရတနာလမ်း ကိုယ့်အားကိုယ်ကိုး စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်အဖွဲ့သည် ကိုယ့်အားကိုယ်ကိုးစက်ရေတွင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အဆိုပါ စက်ရေတွင်းအနီး ယာယီမဏ္ဍပ်၌ အခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို ကျင်းပရာ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဦးက ကိုယ့်အားကိုယ်ကိုးစက်ရေတွင်း ဖြစ်ပေါ်လာရေး ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း နေထိုင်လျက်ရှိသည့် ပြည်သူများ သန့်ရှင်းသည့် သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ဆောင်ရွက်ပေးခဲ့သည့်အခြေအနေများနှင့် ဆက်လက်ဖြည့် ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဦးစိုးယုက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၅၆) ရပ်ကွက်၌ ကိုယ့်အားကိုယ်ကိုး စက်ရေတွင်း ဖွင့်လှစ်ပေးမှုအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဦးက တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့်တာဝန်ရှိသူများအား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၅၆)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စက်ရေတွင်းဖွင့်ပွဲ အထိမ်းအမှတ်အလံများပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ရေပေးဝေနိုင်

ယမန်နေ့ကဖွင့်လှစ်ခဲ့သည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၅၆) ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စက်ရေတွင်းသည် အနက် ပေ ၃၂၀ရှိလေး လက်မပိုက်အရွယ် အဝီစိတွင်း ဖြစ်ပြီး မြင်းကောင်ရေ ၁၃ကောင်ရှိ ဒီဇယ်အင်ဂျင် တပ်ဆင်ထားပြီး တစ်နာရီ ရေဂါလန် ၁၆၀၀ ရရှိကာ အိမ်ခြေ ၂၃၀ကို ရေပေးဝေနိုင်ကြောင်း သိရှိ ရသည်။

ရှင်းလင်းပြသ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် မင်းရဲကျော်စွာ လမ်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)မှ စက်ယန္တရားကြီးများဖြင့် လမ်းပြုပြင်ကတ္တရာခင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ (လမ်း/တံတား) ဌာနမှူး ဦးဗိုလ်ဌေးက မင်းရဲကျော်စွာလမ်း ကတ္တရာလမ်းအသစ် ထပ်မံခင်းပေးနေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က မင်းရဲကျော်စွာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများ အရည်အသွေး စံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ မင်းရဲကျော်စွာလမ်းသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ကို ဖြတ်၍ မြို့ပတ်လမ်းမကြီးအထိ ဆက်သွယ် ဖောက်လုပ်ထားသည့် လမ်းမကြီးဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)ဌာနက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်အတွင်း အရှည်လေးမိုင်ခန့်ကို ကတ္တရာလမ်းခင်းခြင်း အမြန်ပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရန်မီးသတ်တပ်ဖွဲ့ မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏အရန်မီးသတ်တပ်ဖွဲ့ မွမ်းမံသင်တန်းအမှတ်စဉ်(၄/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်က မီးသတ်သင်တန်းကျောင်း ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်စိုး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အရန်မီးသတ်တပ်ဖွဲ့ မွမ်းမံသင်တန်း အမှတ်စဉ်(၄/၂၀၀၄)သို့ သင်တန်းသား၁၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ခရိုင် ထွေ/အုပ် စာရေးဝန်ထမ်းများ

လုပ်ငန်းစွမ်းဆောင်ရည် သင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၃

ပဲခူးတိုင်း(အနောက်ပိုင်း)အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြည်ခရိုင် စာရေးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း အမှတ်စဉ် (၅/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၀ရက် နံနက် ၈ နာရီတွင် ပေါင်းတည်မြို့ အခြေခံပညာ အထက်တန်းကျောင်း"ပညာရတနာ" ခန်းမ၌ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန့်၊ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဘဝင်း၊ ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်နှင့် ဒုတိယဦးစီးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း)အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန့်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင် အုပ်ချုပ်ရေးမှူး ဦးဘဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၃၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မိသားစု ရဟန်းခံ၊ ရှင်ပြု အလှူမင်္ဂလာ

တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၂၃

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးမိသားစုက ကြီးမှူးကျင်းပသော ရဟန်းခံ၊ ရှင်ပြုမင်္ဂလာအခမ်းအနားကို ဧပြီ ၁၇ ရက် နံနက်ပိုင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဓမ္မာရုံ၌ကျင်းပပြီး ဧပြီ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ဓမ္မာရုံမှစတင်၍ ရှင်လောင်းအပါး ၃၀အား မြို့တွင်းသို့လှည့်လည်ပြီးနောက် ပမ္မတီးကျောင်းတိုက်တွင် ရှင်လောင်းများအား ဆံချခြင်းမင်္ဂလာ ပြုလုပ်သည်။

ဧပြီ ၁၇ရက် နံနက် ၈ နာရီခွဲတွင် ပမ္မတီးကျောင်းတိုက်၌ ဆရာတော် သံဃာတော်များနှင့် ရဟန်းလောင်း ၂၁ ပါးတို့အား တိုင်းမှူးနှင့်ဇနီးတို့က သိမ်ဆင်းတွင်လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီး နံနက် ၉နာရီတွင် တိုင်းစစ်ဌာနချုပ်ဓမ္မာရုံတွင် ရေစက်ချအလှူမင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပသည်။

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သီလဝံသအမှူးပြုသော ပင့်သံဃာဆရာတော်များ၊ ရဟန်း ၂၁ပါးနှင့် ရှင်သာမဏေ အပါး ၃၀တို့ ကြွရောက်တော်မူကြပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး၊ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ မြစ်ကြီးနားလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးဇော်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မောင်မြို့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များ၊ တပ်နယ်တပ်ရင်း တပ်ဖွဲ့များမှ အရာရှိစစ်သည် မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးထံမှ ရေစက်ချတရား နာကြားကာ ရေစက်သွန်းချ အမျှပေးဝေကြပြီးနောက် အခမ်းအနားကို ဗုဒ္ဓသာသနာစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်ဇနီးတို့က ဆရာတော်သံဃာတော်များ၊ ရှင်သာမဏေများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ ကျောဖုံးမှ

ဆားလင်းကြီး မြို့နယ်သည် ၁၉၈၈ခုနှစ်မတိုင်မီက ကားလမ်းများသည် ပေါက်ပြဲစုတ်ပြတ်နေခဲ့ရာမှ နိုင်ငံတော်အစိုးရက ကတ္တရာလမ်းသစ်များခင်းပေးခြင်းဖြင့် လမ်းများသာယာဖြောင့်ဖြူးပြီးသွားရေးလာရေးအဆင်ပြေခဲ့သည်။ စက်မှုလက်မှုလုပ်ငန်းများလည်းပေါ်ထွန်းလာခဲ့သည့်အလျောက်ဒေသတွင်း အလုပ်အကိုင်များ ပေါများလျက် ဝပြောသာယာနေသော မြို့နယ်တစ်ခုဖြစ်လျက်ရှိသည်။

တိုးချဲ့စိုက်ပျိုးနိုင်တော့မည်

အထူးသဖြင့် မိုးပေါ်ကို မျှော်၍မိုးရွာမှ မိုးရေကို အားကိုးအားထားပြုနေရသော ဆားလင်းကြီးမြို့နယ်မှာ ငွေသာရေလှောင်တမံတည်ဆောက်ပေးခြင်းကြောင့် ယခင်က ယာစိုက်ပျိုးထုတ်လုပ်ခြင်းကိုသာ အားထားနေရခြင်းအစား စပါးစိုက်ဧက ၃၀၀၀ တိုးချဲ့စိုက်ပျိုးနိုင်တော့မည့်အပြင် ငွေသာရေလှောင်တမံမှ ရေကိုအသုံးချကာ နှစ်သီးစား၊သုံးသီးစားစပါးစိုက်ပျိုးနိုင်တော့မည်ဖြစ်သည်။

ငွေသာရေလှောင်တမံသည် စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ငွေသာကျေးရွာ၏အနောက်ဘက်မိုင်ဝက်ခန့်တွင်တည်ရှိပြီး ငွေသာချောင်းပေါ်တွင်တည်ဆောက်ပေးခြင်းဖြစ်သည်။ ငွေသာချောင်း၏ရေဆင်းဧရိယာမှာ စတုရန်းမိုင် ၃၄မိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှမိုးရေချိန်မှာ လက်မ ၃၀သာရှိသည်။

ရေလှောင်တမံတည်ဆောက်ခဲ့

ငွေသာချောင်းကို ပိတ်၍ရေလှောင်တမံတည်ဆောက်ပေးခြင်းဖြင့် ယခင်က မိုးအခါတွင်သာ ရေကိုသုံးစွဲနိုင်ပြီး နွေရာသီတွင် ရေရှားပါးခဲ့ခြင်းကို မြေသားတမံအမျိုးအစားတည်ဆောက်၍နှစ်စဉ်ပျမ်းမျှစီးဝင်ရေဧကပေ ၁၂၈၀၀ရှိကြောင်းလေ့လာတွက်ချက်ရရှိချက်အပေါ်အခြေပြုပြီး အလျားပေ ၅၂၈၀၊ တမံအမြင့် ၅၈ပေရှိသောရေလှောင်တမံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ငွေသာချောင်းကို ပိတ်၍ရေလှောင်တမံတည်ဆောက်ပေးခြင်းကြောင့် ကန်ရေပြည့်ရေလှောင်ပမာဏဧကပေ ၁၅၂၅၀ကို သိုလှောင်နိုင်မည်ဖြစ်ပြီး ကန်ရေသေရေလှောင်ပမာဏမှာ ဧကပေ ၃၅၀၀နှင့်ကန် ရေပြည့်ဧရိယာဧက ၁၀၀၀ရှိသော ရေလှောင်တမံအဖြစ် တွေ့မြင်နိုင်တော့မည်ဖြစ်သည်။

ငွေသာရေလှောင်တမံမှ ရေများကို စိုက်ပျိုးရေး ဒေသများသို့ ရေထုတ်ပေးရန်အတွက် သံကူကွန်ကရစ်အမျိုးအစား အချင်း သုံးပေရှိပြီး သံကူကွန်ကရစ် ပိုက်တစ်လုံးတပ်ဆင်ထားသော ကွန်ကရစ်ပိုက်ဖြင့် စိုက်ပျိုးရေးဒေသများသို့ ရေထုတ်ပေးရန် တည်ဆောက်ထား၍ ရေထုတ်ပြွန်အလျားမှာ ပေ ၁၁၀ ရှိသည်။ ရေထုတ်ပြွန်မှ စိုက်ပျိုးရေပေးရာတွင် ရေထုတ်ပြွန်၏ ရေထုစီးနှုန်းမှာ တစ်စက္ကန့်လျှင် ကုဗပေ ၅၀ နှုန်း အထိ ထုတ်ပေးနိုင်မည်ဟုသိရသည်။

ရေပိုလွှဲထုတ်ရန်ဆောင်ရွက်

ရေလှောင်တမံများ တည်ဆောက်ရာတွင် သိုလှောင်နိုင်သော ရေဧရိယာဧကထက်ပို၍ ရေဝင်လာခဲ့လျှင် ပိုလျှံသောရေများကိုလွှဲထုတ်ရန် ရေပိုလွှဲကိုလည်း တည်ဆောက်ရသည့် အလျောက်၊ ကျောက်ပန်းပုံသံကူကွန်ကရစ်အမျိုးအစား တည်ဆောက်ထားသည်ကို တွေ့ရှိရပြီး ရေပိုလွှဲမှပိုသောရေများကို ၁၅၃၀ ကုဗပေ/စက္ကန့် ရေထုစီးနှုန်းဖြင့် ရေပိုများအား ချောင်းအတွင်းသို့ လွှဲထုတ်ပေးနိုင်ရန် ဆောင်ရွက်ထားရှိသည်။

ငွေသာရေလှောင်တမံမှဆည်ရေသောက် ဧရိယာဧက ၃၀၀၀ သို့ ရေထုတ်ပေးမည်ဖြစ်သောကြောင့် စိုက်ပျိုးဧက ၃၀၀၀ ခန့်ကို ရေပေးဝေနိုင်မည့်အပြင် မိုးစပါးသာမက နွေစပါးကိုပါ စိုက်ပျိုးနိုင်မည်ဖြစ်သောကြောင့် ဒေသ၏ဝမ်းစာစပါးကို ဖူလုံစွာ စားသုံးနိုင်တော့မည်ဖြစ်သည်။

၎င်းအပြင် စိုက်ပျိုးသီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်မည် ဖြစ်၍ ဒေသအတွင်း စိမ်းလန်းစိုပြည်ခြင်း၊ သောက်သုံးရေဖူလုံခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ခြင်း စသည်များကို များစွာအထောက်အကူပြုမည့်စီမံကိန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ဖွင့်လှစ်ခဲ့သော ဆည်များအနက် ၁၅၉ ခု မြောက်ဖွင့်လှစ်မည့် နိုင်ငံတော်က ငွေကျပ် သန်း ၃၀၀ ကျော်အကုန်အကျခံတည်ဆောက်ခဲ့သော ဆည်တစ်ခုဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးလုပ်ငန်းအဖွဲ့ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးလုပ်ငန်းအဖွဲ့က ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀နာရီတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့၊ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ စုစုပေါင်း အင်အား ၂၅၀ ခန့် တက်ရောက်ကြသည်။

ဟောပြော

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ **(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါက်တာဒေါ်စမ်းမြက အမျိုးသမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းအကြောင်းကိုလည်းကောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ကျင်စန်းက အမျိုးသမီးများအား အကာကွယ်ပေးထားသည့် ဥပဒေအခွင့်အရေးများ အကြောင်းသိကောင်းစရာများကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေး ပုဂ္ဂိုလ် ဒေါ်စန်းစန်းမြင့်က ၎င်းလုပ်ငန်းအဖွဲ့သို့ အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးလုပ်ငန်းအဖွဲ့အကြံပေးပုဂ္ဂိုလ်ဒေါ်မာလာတင့်က လက်ခံသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၂၃ရက်က မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုသရေးနှင့် သင်ကြားရေးဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်သွေးလှူဒါန်းယာဉ်ဖြင့် သွေးလှူဒါန်းပွဲကျင်းပရာ မြို့နယ်သွေးလှူရှင်အသင်းနှင့် (စ) ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့က ဦးဆောင်၍ သွေးလှူရှင် ၅၀ က စုပေါင်းသွေးလှူဒါန်းကြစဉ်။ (က-ပ)

ငွေသာရေလှောင်တမံစီမံကိန်းတည်ဆောက်ရာတွင် ပြီးစီးနေပြီဖြစ်သည့် ရေပိုလွှဲကို တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဧပြီ ၂၃

၂၀၀၄ ခုနှစ် ဧပြီ ၂၃ ရက် မြန်မာစံတော်ချိန် ဝ၈နာရီ ၂၇မိနစ် ၂၇စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ မြောက်ဘက်မိုင် ၂၂၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ၇အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

နွေရာသီကျောင်းပိတ်ရက် ယဉ်ကျေးလိမ္မာ ကလေးအထူးစခန်းပွဲကို ရွှေမြင့်မိုရ်ကျောင်းနှင့် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ဧပြီ ၂၂ ရက်က ပါရမီလမ်း အမှတ် ၁ ဝိုင်း ရွှေမြင့်မိုရ်ကျောင်းတွင် ပူးပေါင်းဖွင့်လှစ်ရာ ရွှေမြင့်မိုရ်ကျောင်းဆရာတော် အရှင်သောဘဏကအဖွင့်သြဝါဒကထာ မိန့်ကြားစဉ်။ (က-ပ)

ဖျာပုံအထက(၂)အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၂၃

ဖျာပုံမြို့ အထက(၂)ကျောင်းသူ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၂၅-၄-၂၀၀၄ရက်တွင် ဖျာပုံမြို့ အထက(၂)တွင် ကျင်းပမည်ဖြစ်ရာ ဆက်သွယ်ပူဇော်လှူဒါန်းလိုသူများ ဦးကျော်တင့် (အတွင်းရေးမှူး) မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကျောက်တံတားမြို့နယ် ဖုန်း-၂၅၆၈၉၃ နှင့် ၂၈၃၁၉၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကနောင်ဂျာနယ် အသွင်သစ်ဖြင့်ထုတ်ဝေ

ရန်ကုန် ဧပြီ ၂၃

အမှတ် (၁) စက်မှုဝန်ကြီးဌာနက ၁၅ ရက်တစ်ကြိမ်ထုတ်ဝေလျက်ရှိသော ကနောင်ဂျာနယ်ကို မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ နှစ်သစ်နှစ်ဦး အတွဲ (၆)၊အမှတ် (၈)မှစ၍ အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း အသွေးအရောင်စုံ၊ သုတ၊ ရသကဏ္ဍအစုံဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ကဏ္ဍစုံများဖော်ပြထား

ကနောင်ဂျာနယ်ကို ၁၉၉၄ ခုနှစ်မှစတင်ထုတ်ဝေခဲ့ပြီး ယခုအသွင်သစ်ဖြင့်ထုတ်ဝေရာတွင် စက်မှုစီးပွားအခြေခံ၍စာဖက်သူများဗဟုသုတဖြစ်ဖွယ်ရာသတင်းဆောင်းပါး၊ အများပြည်သူစိတ်ဝင်စားသည့် ရသစုံ၊ ကဏ္ဍစုံ ဖော်ပြထားသည်။

ရောင်းချဖြန့်ဖြူးပေး

ကနောင်ဂျာနယ် အသွင်သစ်ကို အရောင်းသွက်သော ဂျာနယ်များနည်းတူ စက္ကူကောင်းကောင်း အရောင်အသွေးစုံစုံ၊အဆင်အပြင်လှလှ ပပစိတ်ဝင်စားဖွယ်ထုတ်ဝေပြီး ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချဖြန့်ဖြူးပေးလျက်ရှိသည်။

ကနောင်ဂျာနယ်တွင် သတင်းစုံများ၊ ဆောင်းပါးတိုများ ပေးပို့လိုပါက အမှတ် (၂၂၅/၂၂၇)၃၆ လမ်းအထက် ကျောက်တံတားမြို့နယ် စာတည်းအဖွဲ့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ကဆုန်ညောင်ရေသွန်းပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

ကဆုန်လပြည့်နေ့သည် ဗျာဒိတ်တော်ခံ၊ ဖွား၊ ပွင့်၊ စံ ဟူသော ဗုဒ္ဓမြတ်စွာဘုရား၏ ဘဝဖြစ်စဉ်တော် နေ့ထူးနေ့မြတ်ဖြစ်ပြီး ဗုဒ္ဓနေ့အဖြစ်သတ်မှတ်၍ ဗုဒ္ဓမြတ်စွာဘုရားရှင်အား အထူးပူဇော်နိုင်ရန် ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ပရဝဏ်အတွင်း ပရိဘောဂစေတီအဖြစ် စိုက်ပျိုးကိုးကွယ်ထားသည့် ဗောဓိပင်အား ညောင်ရေသွန်းပူဇော်ရန် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ၁၃၆၆ ခုနှစ် ကဆုန်လပြည့်နေ့ မေ ၃ ရက် (တနင်္လာနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ (က-ပ)

(၂၄)ကြိမ်မြောက် စာရေးတံမဲဒါန အလှူမင်္ဂလာကျင်းပ

ညောင်တုန်း ဧပြီ ၂၀

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ညောင်တုန်းမြို့ ပုဏ္ဏမာရာမ စျေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသာဘိဝံသ၏(၂၄)ကြိမ်မြောက် စာရေးတံမဲ အလှူမင်္ဂလာအခမ်းအနားကို တန်ခူးလပြည့်ကျော် ၁၃ ရက်(နှစ်ဆန်းတစ်ရက်)နေ့ နံနက် ၅ နာရီက ကျင်းပရာ မြို့ပေါ်ကျောင်းတိုက်များမှ ပင့်သံဃာ ၇၁ ပါးတို့အား အရုဏ်ဆွမ်းကပ်လှူပြီး ငွေကျပ် ၁၁ သိန်းခုနစ်သောင်းတန်ဖိုးရှိ လှူဖွယ်ပစ္စည်း အစုစုတို့ဖြင့် စာရေးတံမဲချ လှူဒါန်းသည်။

အဆိုပါနေ့ နံနက် ၁၀ နာရီတွင် ညောင်တုန်းမြို့ လမ်း ၂၀ နေ ကွယ်လွန်သူ ဦးသိန်းမောင်-ဒေါ်အေးတင့်တို့အား ရည်စူး၍ သားသမီး၊ မြေးမြစ်တစ်စုတို့က စျေးကျောင်းတိုက်ဆရာတော်အမှူးပြုသော ပင့်သံဃာ ၄၂ ပါး တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်းလည်း သိရသည်။ **(က-ပ)**

မိသားစုကျန်းမာရေး စောင့်ရှောက်မှုသင်တန်းဖွင့်

ပြင်ဦးလွင် ဧပြီ ၃

အိမ်ရှင်မများသို့ မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာဖြင့် မိသားစု ကျန်းမာရေး စောင့်ရှောက်မှုသင်တန်း ဖွင့်ပွဲကို မတ် ၂၈ ရက်က ပြင်ဦးလွင် မြို့နယ် နောင်ခမ်းကြီး စံပြကျေးရွာနှင့် မိုးကြိုးပစ်စံပြကျေးရွာတို့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၏ဇနီး ဒေါ်ခင်စန်းတင့်က အမှာစကားပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဦးစောယုသန်းက တိုင်းရင်းဆေးပညာအကြောင်းနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအတွင်းရေးမှူး ဒေါ်ခင်ခင်သန်းက အိမ်ထောင်သည်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှုနှင့် မျိုးဆက်ပွားအကြောင်းများ အသိပညာပေး ဟောပြောပို့ချကြောင်း သိရသည်။ **(၂၈၀)**

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်

ကျောက်ဆည် ဧပြီ ၂၀

မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ကျောက်ဆည်မြို့ စက်သုံးဆီအရောင်းဆိုင်(အမှတ်-၀၆၄၄)နှင့် ကျောက်ဆည်မြို့နယ် မီးသတ် ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြ လေ့ကျင့်မှုကို ဧပြီ ၁၃ရက်က အဆိုပါ စက်သုံးဆီအရောင်းဆိုင်တွင် ကျင်းပသည်။

ရှေးဦးစွာ မီးသတ်ဦးစီးမှူး ဦးသန်းဆွေနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြသသည်။ ဆက်လက်၍ မီးသတ်ဦးစီးမှူးနှင့် အဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်နှင့်အညီ ဆောင်ရွက်ထားရှိမှုကို ဆိုင်အတွင်း ကြည့်ရှုစစ်ဆေးရာ ဆိုင်မန်နေဂျာ ဦးထွန်းကိုကိုက မီးသတ်ပစ္စည်းများ ထားရှိမှုအခြေအနေများနှင့် စက်သုံးဆီများစနစ်တကျ သိုလှောင်ထားမှုကို ရှင်းလင်းပြသသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကောင်ရာ-ထွယ်ဆန်ယန် ကျေးရွာချင်းဆက် လမ်းဖွင့်

ကာမိုင်း ဧပြီ ၅

ကချင်ပြည်နယ် ကာမိုင်းဒေသ စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်သည့် ကောင်ရာ-ထွယ်ဆန်ယန် ကျေးရွာချင်းဆက် မြေသား လမ်းဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၉ နာရီက ကောင်ရာ ကျေးရွာလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်ရင်း ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးတင်ကိုကို၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဒေသ အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေးနှင့် ဒေသ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအင်ခွန်တူးတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

ကောင်ရာ-ထွယ်ဆန်ယန်ကျေးရွာ ချင်းဆက် မြေသားလမ်းသည် အရှည် ပေ ၂၀၆၀၊ အကျယ် ၁၂ ပေရှိပြီး ကချင်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ကွပ်ကဲမှုဖြင့် ကာမိုင်းဒေသ စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၂ သိန်း အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **(၄၁၆)**

အမြို့မြို့ အနယ်နယ် သတင်းများ

အီလက်ထရွန်နစ် နည်းစနစ်သုံး ပညာရေးစီမံခန့်ခွဲမှုသင်တန်းအတွက် ထုတ်လွှင့်မည့်အစီအစဉ်

၂၆-၄-၂၀၀၄ (တနင်္လာနေ့) **Day-1**

စဉ်	အချိန်	ပို့ချမည့်အကြောင်းအရာ	ကြာမြင့်ချိန်	မှတ်ချက်
၁။	နံနက် ၉:၀၀ မှ ၉:၁၅	ဝန်ကြီး၊ဖွင့်ပွဲမိန့်ခွန်း	၁၅ မိနစ်	
၂။	၉:၁၅ မှ ၉:၂၅	သင်တန်းအကြောင်းသိကောင်းစရာ	၁၀ မိနစ်	ဦးမြင့်ဟန် ညွှန်/ချုပ် MERD
၃။	၉:၂၅ မှ ၉:၃၅	အကြိုစစ်ဆေးခြင်း (Pre -Test)	၁၀ မိနစ်	
၄။	၉:၃၅ မှ ၉:၄၀	ဖျော်ဖြေရေးအစီအစဉ်	၅ မိနစ်	
၅။	၉:၄၀ မှ ၁၀:၀၂	-ကျောင်းမဖွင့်မီကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ -ကျောင်းလုပ်ငန်းစီမံချက်များရေးဆွဲခြင်း၊	၂၂ မိနစ်	ဦးနု DBE(3)
၆။	၁၀:၀၂ မှ ၁၀:၀၇	ဖျော်ဖြေရေးအစီအစဉ်	၅ မိနစ်	
၇။	၁၀:၀၇ မှ ၁၀:၂၂	-ကျောင်းစုဝေးပွဲများပြုလုပ်ခြင်း -အခြေခံပညာကျောင်း/ရုံးများသန့်ရှင်းလှပရေး၊ -မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊	၁၅ မိနစ်	ဦးဝင်းကြည် DBE(3)
၈။	၁၀:၂၂ မှ ၁၀:၂၇	ဖျော်ဖြေရေးအစီအစဉ်	၅ မိနစ်	
၉။	၁၀:၂၇ မှ ၁၀:၄၉	-ကျောင်းကောင်းတစ်ခုဖြစ်လာစေရန် ပြုစုပျိုးထောင်ခြင်း၊ -ပညာရေးမြှင့်တင်မှုအစီအစဉ်နှင့်ဆရာများ၏ အခန်းကဏ္ဍ	၂၂ မိနစ်	ဦးစီထန်ဇာတွင်း DBE(1)
၁၀။	၁၀:၄၉ မှ ၁၁:၀၀	ညနေပိုင်းထုတ်လွှင့်မည့်အစီအစဉ် -ဖျော်ဖြေရေးအစီအစဉ်	၁၁ မိနစ်	
၁၁။	**၁၁:၀၀ မှ ၁၃:၀၀**	**နေ့လယ်စာ စားချိန်**		
၁၂။	၁၃:၀၀ မှ ၁၃:၃၀	-အမှုထမ်း သက်တမ်းစာအုပ်များထားရှိခြင်း၊ -ကျောင်းအုပ်ကြီး၏ရုံးလုပ်ငန်းများ၊ -ကျောင်းဝင်မှတ်ပုံတင်စာရင်းရေးသွင်းခြင်း၊ -ကျောင်းသား ကျောင်းသူများ၏အသက်ပြင်ဆင်ခြင်း၊ -ကျောင်းထွက်လက်မှတ်ထုတ်ပေးခြင်း၊	၃၀ မိနစ်	ဦးမြင့်စိန် DBE(1)
၁၃။	၁၃:၃၀ မှ ၁၃:၃၅	ဖျော်ဖြေရေးအစီအစဉ်	၅ မိနစ်	
၁၄။	၁၃:၃၅ မှ ၁၃:၅၅	-ဝန်ထမ်းစည်းကမ်းပိုင်းနှင့်အမှုကိစ္စများ၊ -ဝန်ထမ်းသစ်များအားလမ်းညွှန်မှာကြားခြင်း၊	၂၀ မိနစ်	ဦးဘာဘာ၊ DBE(1)
၁၅။	၁၃:၅၅ မှ ၁၄:၀၀	ဖျော်ဖြေရေးအစီအစဉ်	၅ မိနစ်	
၁၆။	၁၄:၀၀ မှ ၁၄:၂၅	-ခွင့်ကိစ္စပြဋ္ဌာန်းခြင်း၊ -ပင်စင်ယူခွင့်တောင်းခံခြင်းနှင့်ပင်စင်အမျိုးအစား၊	၂၅ မိနစ်	ဦးညွန့်ရွှေ DBE(1)
၁၇။	၁၄:၂၅ မှ ၁၄:၃၀	ဖျော်ဖြေရေးအစီအစဉ်	၅ မိနစ်	
၁၈။	၁၄:၃၀ မှ ၁၅:၀၀	-ပညာရေးစီမံခန့်ခွဲမှု	၃၀ မိနစ်	ဦးအေးကြူ၊ **DG,DBE(3)**
၁၉။	**၁၅:၀၀**	**ပထမနေ့ အစီအစဉ်ပြီး**		

နွေဦးအားမာန် သင်တန်းများဖွင့်

ကျောက်ပန်းတောင်း ဧပြီ ၃

ကျောက်ပန်းတောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ၂၀၀၄ခုနှစ် နွေဦးအားမာန် သင်တန်းများဖွင့်ပွဲကို မတ် ၂၅ ရက်တွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခရိုင် အလုပ်အမှုဆောင် ဦးအောင်ဝင်းကြည် တို့က အမှာစကားပြောကြားဖွင့်လှစ်ပေးကြသည်။

မြို့နယ် နွေဦးအားမာန် သင်တန်းများမှာ ဖွံ့ဖြိုးရေးလေ့လာမှုသင်တန်း၊ စာရိတ္တပညာသင်တန်း၊ ဆို၊က၊ရေး၊တီး သင်တန်း၊ အားကစားနှင့် ကာယလေ့ကျင့်ရေးသင်တန်း၊ ကွန်ပျူတာ သင်တန်း၊ စာကြည့်တိုက်သင်တန်း၊ ကြက်ခြေနီနှင့် မီးသတ်သင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ ပန်းချီ သင်တန်းများဖြစ်ပြီး သင်တန်းကာလမှာ မတ် ၂၅ ရက်မှစပြီး ဧပြီ ၄ ရက် အထိ သင်ကြားပို့ချကြောင်း သိရသည်။ **(၀၆၁)**

ကျေးလက်လမ်းနှင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းဖွင့်

နောင်ချို ဧပြီ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချို မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော လမ်းအရှည် မိုင် ၁ ဒသမ ၆ မိုင်လမ်း အကျယ်ပေ ၃၀ရှိ၊နောင်ချို-ကျောက်တော-လုံဝယ် ကျေးရွာ ကျေးလက်မြေသားလမ်းနှင့် စိမ့်စမ်းရေသွယ်ရေးလုပ်ငန်း(ရေထွက်နှုန်း တစ်နာရီ ၂၅၀၀ဂါလန်ထွက်)ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ ရက်က ကျောက်တောကျေးရွာ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အဆိုပါကျေးလက်မြေသားလမ်း နှင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း များအား ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ၊ မြို့နယ် ဥက္ကဋ္ဌ ဦးကိုကိုလွင်၊ ကျောက်တော ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ခင် တို့က ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးကြောင်း သိရသည်။ **(၂၄၇)**

ဧပြီ ၆ရက်က မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မော်လမြိုင်ကျွန်း အမှုဆောင်အရာရှိ ဦးခိုင်ဇင်ဝင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးတို့ ကြီးကြပ်လျက် အဖွဲ့ဝန်ထမ်းများဖြင့် ပျိုးဥယျာဉ်အတွင်း ပန်းအလှပျိုးပင်တစ်သိန်းပြည့်မီရန် လိုအပ်သော ပန်းအလှပျိုးပင်များ ထပ်မံပျိုးထောင်ပြီး ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အရန်သားဖွားဆရာမသင်တန်းဖွင့်

ပခုက္ကူ မေ ၂၀

ပခုက္ကူမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော သတ္တမအကြိမ် အရန်သားဖွားဆရာမသင်တန်းဖွင့်ပွဲကို မတ်၁၄ ရက် နံနက်က ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက် ရိပ်သာလမ်းရှိ ဒေသန္တရကျန်းမာရေးဌာနရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဌွေးဦး၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဌွေးနှင့်ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ဆေးရုံအုပ်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ကျန်းမာရေးမှူး ဦးမောင်မောင်စိုးက သင်တန်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ပခုက္ကူမြို့နယ် အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသူ ၁၀ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (၄၁၃)

စိစစ်ရေးကတ်ပေးအပ်

မေ ၁၉ရက်က ကျင်းပသော ပလောက်မြို့ ကျောက်လုံးကြီးကျေးရွာအုပ်စုမှ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးစိုးစိုးက ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမောင်ဌွေထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က–ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

စူဠဘွဲ့နှင်းသဘင်စာအောင်လက်မှတ် ဆက်ကပ်

အင်းတော် မေ ၅

အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် မြို့နယ်သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၂၁)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်စာအောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲကို မတ်၃၀ရက်က အင်းတော်မြို့ မြို့မပရိယတ္တိစာသင်တိုက်ဓမ္မာရုံတွင်ကျင်းပသည်။

ရှေးဦးစွာ ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်နှင့်မြို့မပရိယတ္တိစာသင်တိုက် ဆရာတော် တို့က ဩဝါဒကထာ မြွက်ကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကသာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ၂၀၀၃ ခုနှစ်ပထမပြန်စာမေးပွဲတွင်ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများကို ဖြေဆိုအောင်မြင်တော်မူကြသော ရဟန်းသာမဏေ၊ သီလရှင်များအား အောင်လက်မှတ်များနှင့်လှူဖွယ်ပစ္စည်းများကိုမြို့နယ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

အခမ်းအနားအပြီးတွင် ဆရာတော်သံဃာတော်များ၊ ရဟန်း သာမဏေ၊ သီလရှင်များကို အလှူရှင်စေတနာရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူကြကြောင်း သိရသည်။ (၁၃၃)

မြင်းခြံခရိုင် စိုက်ပျိုးမှု ကြီးကြပ်ရေးကော်မတီစည်းဝေး

မြင်းခြံ မေ ၅

မြင်းခြံခရိုင် စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၈ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဆွေးနွေး

ညှိနှိုင်းအစည်းအဝေး၌ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်က ၂၀၀၄–၂၀၀၅ ခုနှစ်တွင် မြင်းခြံခရိုင်အတွင်း၌ နွေစပါး ၉၆၄၆ ဧက နှင့် မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၂၆၈၀ စိုက်ပျိုးရေးကိုမှာကြားဆွေးနွေးသည်။

စိုက်ပျိုးပြီးစီး

ယခုအချိန်၌ မြင်းခြံခရိုင်အတွင်း နွေစပါး ၆၀၈၄ ဧကနှင့် မိုးကြိုချည်မျှင်ရှည်ဝါ ၁၈၂၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။ (၄၀၂)

သန့်ရှင်းရေးဆောင်ရွက်

ပြည်မြို့ မြို့ပြသန့်ရှင်းသာယာလှပရေးအတွက် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့နယ်တာဝန်ခံအရာရှိ ဦးတင်မိုးလှိုင် ခေါင်းဆောင်၍ အဖွဲ့ ဝန်ထမ်းများက နဝဒေးကုန်တင်ကုန်ချပွဲရုံလမ်းတွင် မတ် ၃၁ ရက်က သန့်ရှင်းရေး စုပေါင်းဆောင်ရွက်စဉ်။ (၄၀၃)

တံတားဦးမြို့နယ်တွင်နယ်လှည့်စာကြည့်တိုက်ဖွင့်

တံတားဦး မေ ၁၀

တံတားဦးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကြပ်ပြင်ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းပြီး နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို မေ ၆ ရက် နံနက်က ကြပ်ပြင်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း သဟပုညကာရီဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မြနှင့် ကြပ်ပြင်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးပေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူးဦးမောင်မောင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်နှင့် နိုင်ငံတော်၏မူဝါဒလမ်းစဉ်ခုနစ်ရပ်တို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးစိန်မြက နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်ဒတိုက်ဖွင့်လှစ်နိုင်ရေးတို့ကို ဆွေးနွေး ပြောကြားကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျုံပျော်မြို့နယ် သောင်ကြီးကျေးရွာမူလတန်းကျောင်းခု အလှူရှင်စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကျင်းပ

ကျုံပျော် မေ ၁၈

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတူးဖော်ပြီးစီးခဲ့သော သောင်ကြီးကျေးရွာ အမကကျောင်းစု အလှူရှင်စက်ရေတွင်းဖွင့်ပွဲကို မတ်၂၂ရက်နံနက် ၉ နာရီက ယင်းကျေးရွာ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင်ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာဦးခင်မောင်ဖြူက အလှူရှင်စက်ရေတွင်းနှင့်ပတ်သက်ပြီးဆောင်ရွက်ထားရှိမှုကိုရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးစိန်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေး၊ အလှူရှင်စက်ရေတွင်း ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)**

အကုန်အကျခံဆောင်ရွက်

ယခုဖွင့်လှစ်သောအလှူရှင်စက်ရေတွင်းမှာ တစ်လက်မခွဲစက်ရေတွင်းဖြစ်ပြီး အနက်ပေ ၂၆၀ စုစုပေါင်းကုန်ကျငွေ ကျပ်၈၀၀၀၀၀ဖြင့်အကုန်ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် (၁၀)နာရီမှ ညနေ (၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်း ရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်ကို သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကိုပြုလုပ်ပါ၊

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

[illegible]

အများသိစေရန်

[illegible]

LL.B,DBL

Diploma in Legal Aspects of Marine Affairs(UK)

[illegible]

အမည်ပြောင်း ကော့သောင်းမြို့နေ အဖ ဦးဒိုးအောင်ကျော်၏ သား ၆/လလန(နိုင်)၀၀၁၁၈၃ မောင်ဇော်ဝင်းအား မောင်ဇော်ဝင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇော်ဝင်းအောင်။**

အမည်ပြောင်း

ဦးထွန်းထွန်းဇော်၏ သား ဒဂုံမြို့သစ် (တောင်ပိုင်း) အမက (၂)စတုတ္ထတန်း(ခ)မှ မောင်ကျော်ရဲဇော်အား မောင်ဟိန်းထက်ဇော်ဟု ပြောင်းလဲခေါ်ပါရန်နှင့်မွေးသက္ကရာဇ် အမှန်မှာ ၁–၈–၉၄ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးခင်မောင်ညွှန့်–ဒေါ်တင့်တင့်မာတို့၏ သား၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) အထက(၃) အဋ္ဌမတန်းမှ မောင်ပိုင်ဦးမောင် ၁၂/ဒဂမ(နိုင်)၀၁၆၇၉၅ကို မောင်သုတဇော်ဟု ခေါ်ပါရန်။ **မောင်သုတဇော်။**

အမည်ပြောင်း

အဖ ဦးကျော်ကျော်၏ သမီး အလက(၈) မ/ဥက္ကလာ အဋ္ဌမတန်းမှ မစိမ့်စိမ့်ထက်အား မအေးငြိမ်းကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မအေးငြိမ်းကျော်။**

ဦးအောင်မင်း (မကွေး)

ဦးစီးအရာရှိ၊ တိုင်းကျန်းမာ အသက် (၅၄)နှစ်

ဦးဘချော–ဒေါ်လှဆင့်တို့၏သား၊ ဦးသိန်းဟန်–ဒေါ်တင်တင်တို့၏ သားသမက်၊ ဦးထင်လင်း–ဒေါ်သန်းသန်းမြင့်တို့၏ ညီ၊ ဦးဇော်သိန်း–ဒေါ်မြင့်ကြည်၊ ဦးဝင်းဆောင်–ဒေါ်ခင်လေးမြင့်၊ ဒေါ်မာမာကြည်တို့၏ အစ်ကို၊ တိုက် ၂၇၊ အခန်း ၁၊ ပြည်တော်သာတိုက် မကွေးမြို့နေ ဒေါ်မော်လီသိန်း (ခာတ်ခွဲမှူး၊ တိုင်းဆေးရုံကြီး တွဲဖက် ဒေသန္တရဆေးခန်း)၏ ခင်ပွန်း၊ မရည်မွန်ချမ်းမြေ့ (UFL ဂျပန်ဘာသာ နောက်ဆုံးနှစ်)၊ မနေခြည်ချမ်းမြေ့ (န၀မတန်း အထက (၁) မကွေး) တို့၏ဖခင် ဦးအောင်မင်းသည် ၂၂–၄–၂၀၀၄ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် မကွေးမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အများသိရှိစေရန် ကြေညာခြင်း

မြိတ်မြို့ဈေးတန်းရပ်ကွက် ဈေးခေါင်း ၃ လမ်းနေ မောင်ရန်နိုင်နိုင်ငံသားအမှတ်၆/တသရ(နိုင်) ၆၁၅၉၀၇ ဖြစ်သူသည် မြိတ်မြို့ မြိတ်တောင် ကျေးရွာအုပ်စု ကြံတောရပ် မြေနီလမ်းနေ ဖခင် ဦးကျော်ကျော် ၆/တသရ(နိုင်)၀၀၆၇၄၅ နှင့် အမိ ဒေါ်အေးအေး ၆/အမရ(နိုင်)၀၈၃၈၇၁ တို့၏ ဩရသ သားအရင်းဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ကျော်–ဒေါ်အေးအေး
(မောင်ရန်နိုင်၏ မိဘများ)

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ယုဇနကုန်တိုက်များတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(၁) ကြီးကြပ်ရေးမှူး (၆)ဦး
လုပ်ငန်းအတွေ့အကြုံရှိ၍ အသက် ၄၀ အောက် ဘွဲ့ရဖြစ်ရမည်။ လစာကောင်းမည်။

(၂) Sales Assistant (အမျိုးသမီး) (၄၀)ဦး
အထက်တန်းပညာအဆင့်၊ အသက် ၂၀အောက် အိမ်ထောင်မရှိသူ(အပျို)ဖြစ်ရမည်။

(၃) လုံခြုံရေးဝန်ထမ်း(အမျိုးသား/အမျိုးသမီး) (၁၀)ဦး
လုပ်ငန်းအတွေ့အကြုံရှိ၍ အသက်၄၀အောက် အထက်တန်းပညာအဆင့်ရှိရမည်။

လျှောက်လွှာများကို ယုဇနစင်တာ(ဒုတိယထပ်)အမှတ် ၁၃၀၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၃၀–၄–၂၀၀၄ရက် နောက်ဆုံးထား၍ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ လိုအပ်သော အထောက်အထားများယူ၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

ကန့်ကွက်နိုင်ပါသည် ယာဉ်အမှတ် န/၁၈၀၁ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)

၂၀၀၃ခုနှစ် တရားမဇာရီမှု အမှတ်–၅

အာရှနေဘဏ်လီမိတက် (စစ်တွေဘဏ်ခွဲ) (၎င်း၏ဘဏ်ခွဲတာဝန်ခံ–ဒေါ်အေးအေးသာ) အမှတ် ၁၃ လမ်းမကြီး၊ မောလိပ်ရပ်ကွက် စစ်တွေမြို့။	နှင့်	၁။ ဒေါ်စန်းရီ ၂။ ဦးထွန်းထွန်း အမှတ် ၂၂၊ မေယုလမ်း၊ ရဲနွယ်စုရပ်ကွက်၊ စစ်တွေမြို့။ ၃။ ဦးမောင်မောင်ထွန်း ၄။ ဦးညီညီထွန်း ၅။ ဒေါ်ရီရီခိုင် (ယခု နေရပ်လိပ်စာ မသိ) တရားမကျင့်ထုံး ဥပဒေ အမိန့် ၅၊ နည်း– ၂၀ အရ ဆောင်ရွက်ခဲ့သည်။
(တရားနိုင်)		**(တရားရှုံးများ)**

၂၀၀၂ ခုနှစ်၊ တရားမကြီးမှုအမှတ်(၇)တွင် တရားလို အာရှနေဘဏ်လီမိတက် (စစ်တွေဘဏ်ခွဲ) က ၂၀၀၃ ခုနှစ် မေလ ၂၂ ရက်နေ့က ချမှတ်သည့် အနိုင်ဒီကရီအား အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများကို လေလံတင်ရောင်းချမည်ဖြစ်၍ ၂၀၀၄ခုနှစ် မေလ ၁၂ ရက်နေ့တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

လေလံဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်သည်။

လေလံတင်ရောင်းချရန်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုအပေါ်တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်ပါသည်။

၃။ လေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်ဖြစ်သည်။ အမြင့်ဆုံးဈေးမှာ ရောင်းချမည့်ပစ္စည်းအတွက် လက်ခံရန် မသင့်လျော်ကြောင်း၊ ရောင်းချသူ အရာရှိက မှတ်ယူလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချရေးကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၉ ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြုလျက် ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၅။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံတင်ရောင်းချရာတွင် လေလံဆွဲဝယ်သူက ငွေ ၁၀၀ လျှင် ၂၅ ကျပ်နှုန်းဖြင့် လေလံဆွဲဝယ်ယူပြီးဖြစ်သည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ လေလံဆွဲဝယ်သူ၏ ငွေအားလုံး ပစ္စည်းရောင်းချသည့် နေ့အား ပယ်၍ ပစ္စည်းဝယ်ယူပြီး နောက် ၁၅ ရက်ရောက်သည့်နေ့တွင် ရုံးချိန် အမီ ပေးသွင်းရမည်။ ၁၅ ရက်မြောက်နေ့မှာ ရုံးပိတ်ရက်နှင့် တိုက်ဆိုင်နေပါက ပထမဆုံး ရုံးစတင်ဖွင့်လှစ်သည့်နေ့တွင် ပေးသွင်းရမည်။

၇။ အထက် ခွင့်ပြုသည့်နေ့တွင် လေလံဆွဲဝယ်သူကို မပေးဆောင် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ တင်သွင်းထားသည့် ငွေများကို ရောင်းချသည့်အတွက် စရိတ်များ ပေးပြီးနောက် သင့်သည်ထင်မြင်လျှင် တရားရုံးသို့ အဆုံးရှုံးခံစေရမည်။ ငွေမပေးဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ၊ နောက်တစ်ဖန် ရောင်းချရာ ရရှိငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့် အရပ်ရပ်ကိုဖြစ်စေ ဆုံးရှုံးစေရမည်။

၂၀၀၄ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စန်းလွင်
ခရိုင်တရားသူကြီး
စစ်တွေခရိုင်တရားရုံး။

ပစ္စည်းစာရင်း

စစ်တွေမြို့ ရဲနွယ်စုရပ်ကွက် ပုလုပ်တောင်မြောက် ၂၂ ဦးပိုင်အမှတ် ၄၆–ခ၊ ဧရိယာ ၀ ဒသမ ၀၃၉ ဧကရှိ ဂရန်ပိုင်ဆိုင်ခွင့် မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ စစ်တွေမြို့ ရဲနွယ်စုရပ်ကွက် မေယုလမ်း အမှတ် ၂၂ ဟုခေါ်တွင်သည့် အဆောက်အအုံ။

ကြမ်းခင်းဈေး–ကျပ် ၇၅၀၀၀၀၀ (ကျပ်ခုနစ်ဆယ့်ငါးသိန်းတိတိ)

ဂုဏ်ယူဝမ်းမြောက်ခြင်း

၄–၁–၂၀၀၄ရက်တွင် နိုင်ငံတော်က အဂ္ဂမဟာသီရိသုဓမ္မဇောတဓရဘွဲ့ ချီးမြှင့်ခံရသော ဒူးရင်းသီးဦးစိုးမြင့်အား သက္ကလစံပြကျေးရွာဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ ဂုဏ်ပြုအပ်ပါကြောင်းနှင့် ဆက်လက်၍ တိုင်းပြည်အကျိုးကို ဆတက်ထမ်းပိုး တိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း မွန်မြတ်သောဆန္ဒဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ဘာသာသာသနာထွန်းကားပြန့်ပွားရေးအသင်း
ပညာရေးဌာန အထက၊ အလက
တိုက်နယ်ဆေးရုံ
မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ
အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့

သင်ရွှေဆိုင်ဖွင့်လိုပါသလား?

သန်းဖြိုးရတနာရွှေဆိုင်မှ အထူးသတင်းကောင်း

ရွှေဆိုင်ဖွင့်လိုသူများနှင့်ရွှေပညာတတ်မြောက်လိုသူများအတွက်

(၁) ရွှေထည်၊ ကျောက်ထည်ရောင်းနည်း
(၂) ရွှေထည်၊ကျောက်ထည်ဝယ်နည်း
(၃) ရွှေထည်၊ကျောက်ထည်အပေါင်ခံနည်း
(၄) ရွှေထည်၊ကျောက်ထည်ပန်းထိမ်အပ်နည်း
(၅) ရွှေမှတ်ကျောက်ရည်ခွဲနည်း
(၆) ရွှေအတု၊ အစစ်ခွဲနည်း
(၇) ရွှေချွတ်နည်း (သို့)ရွှေအခေါက်အဖြစ် သန့်စင်နည်း စသည်တို့အပြင် ရွှေဆိုင်ပိုင်ရှင် တစ်ဦးအနေနှင့် သိသင့်သိအပ်သည့် ပြင်ပဗဟုသုတများစွာကိုပါ တစ်လနှင့်အပြတ်စာတွေ့၊ လက်တွေ့သင်ကြားပေးမည်။ သင်တန်း တက်ရောက်ပြီးသူတိုင်း ကျေနပ်တတ်မြောက်စေရမည်။ ရွှေဆိုင်ဖွင့်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးပါမည်။ တစ်ဆင့်ပြန်လည်ရောင်းချလိုသော သင်တန်းသူ/သင်တန်းသားတိုင်းအတွက် ရွှေရည်မီရွှေထည်၊ ကျောက်ထည်ပစ္စည်းများကို ပန်းထိမ်နှုန်းထားအတိုင်း ရောင်းချပေးနေပါပြီ။

သင်တန်းစမည့်ရက်
၄–၅–၂၀၀၄

သင်တန်းချိန်	– နံနက် ၁၀:၀၀ မှ ၁၁:၃၀ထိ (သို့)
	– ညနေ ၄:၀၀ မှ ၅:၃၀ ထိ
သင်ကြားမည့်ရက်	– တနင်္လာနေ့မှသောကြာနေ့ထိ
ဆက်သွယ်ရမည့်လိပ်စာ–	သန်းဖြိုးရတနာရွှေဆိုင်နှင့်နာရီစတိုး အမှတ် ၂၆၅၊ ပြည်လမ်းနှင့် ဗားကရာလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမီးပွိုင့်အနီး

ဖုန်း–၀၉၅၀၁၄၅၀၄၊ ၅၂၅၅၇၉၊ ၇၂၃၂၇၆၊ ၅၀၅၆၃၆

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဒ/၅၄၈ ယာဉ် လက်ဝယ် ရှိသူက (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ပါရန်။ **ကညန၊တိုင်းရုံး(မကွေး)**

နှစ်ဦးသဘောတူ ကွာရှင်းပြီးစီးခြင်း

ကျွန်မယဉ်ယဉ်မွန် (တီဂျီကေအင်–၀၃၈၃၇၄)နှင့် ဦးမျိုးဟန် (ကေအမ်ဒီအီး– ၀၁၅၁၇၁)တို့သည် ၇–၄–၂၀၀၄ ရက်တွင် လှိုင်မြို့နယ် တရားရုံး၊ တွဲဖက် မြို့နယ်တရားသူကြီး၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူလက်မှတ်ရေးထိုး ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ ကွာရှင်းပြတ်စဲပြီးသည့် နေ့ရက်မှစတင်၍ နောက်နောင်တွင် တစ်ဦးနှင့် တစ်ဦး မည်သို့မျှ ပတ်သက်ခြင်း မရှိပါကြောင်း အများသိစေအပ်ပါသည်။

မယဉ်ယဉ်မွန်။

Peace Myanmar Electric Co., Ltd.

ဝန်ထမ်းအလိုရှိသည်။
(မြန်မာကျွမ်းရှေ့ဖြင့် ပြည်တွင်း၌ ခန့်ထားရန်။)

၁။ Engineer (B.E or A.G.T.I - E.P / M.P) (ကျား) ၅ ဦး
အသက် (၂၅ – ၃၅)နှစ်။
လေအေးပေးစက်/ ရေခဲစက်သွား တပ်ဆင်၊ ပြုပြင်၊ ထိန်းသိမ်းခြင်း၊ အတွေ့အကြုံ (၃)နှစ် ရှိရမည်။ လုပ်ငန်း၊ ကျွမ်းကျင်မှု ရှိပါက ပညာအရည်အချင်းနှင့် အသက် လျှော့၍ စဉ်းစားမည်။

၂။ Engineer (B.E or A.G.T.I - E.P / M.P) (ကျား) ၁ ဦး
အသက် (၃၅)နှစ်အထက်။
စက်ရုံသုံး စက်ပစ္စည်းများနှင့် စက်ရုံသုံး လျှပ်စစ်လိုင်းများ ပြုပြင်၊ ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ ကျွမ်းကျင်သော လုပ်ငန်းအတွေ့အကြုံရှိရမည်။ လုပ်ငန်း၊ ကျွမ်းကျင်မှု ရှိပါက ပညာအရည်အချင်းနှင့် အသက်လျှော့၍ စဉ်းစားမည်။

၃။ Engineer (B.E or A.G.T.I - E.P / M.P) (ကျား) ၁ ဦး
အသက် (၃၀)နှစ်အထက်။
Chiller နှင့် ပတ်သက်၍ ကျွမ်းကျင်သော လုပ်ငန်းအတွေ့အကြုံရှိရမည်။

၄။ Marketing Executive (MBA / ECO) (ကျား) ၁ ဦး
အသက် (၃၅ – ၄၀)နှစ်။
Marketing ကိစ္စများကို နားလည်တတ်ကျွမ်း၍ Marketing Plan များ ရေးဆွဲနိုင်၍ Marketing Team များကို စီမံကွပ်ကဲနိုင်ရမည်။ ကွန်ပျူတာကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

၅။ Supervisor (ဘွဲ့ရ) (ကျား) ၁ ဦး
အသက် (၃၅ – ၄၀)နှစ်။
စီမံခန့်ခွဲမှု အတွေ့အကြုံ ရှိရမည်။ လုပ်ငန်းတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်နိုင်ရမည်။ နယ်ကွင်းခရီးသွား၍ ရေရှည်နေ၍ စီစဉ်ပေးမည်။

၆။ လုံခြုံရေးဝန်ထမ်း (ကျား) ၇ ဦး
အသက် (၃၀ – ၄၅)နှစ်။
အရက်၊ ဆေးလိပ်၊ ကွမ်း မသုံးစွဲသူ ဖြစ်ရမည်။ ကျန်းမာ သန်စွမ်း၍ တာဝန်ချိန်အတွင်း လုပ်ငန်းခွင်တွင်း မနှောင့်ယှက် ဆောင်ရွက်နိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်း၊ ဓာတ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာ၊ ပညာအရည်အချင်း အထောက်အထားများနှင့်အတူ Peace Myanmar Electric Co., Ltd. အမှတ် ၁၃၇/၁၃၉၊ ဗိုလ်တထောင်ဘုရားလမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ကြော်ငြာပါသည့် နေ့မှ တစ်ပတ်အတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။

မြန်မာ့မီးရထား၊ ရန်ကုန်ဘူတာကြီးအတွင်းရှိ
လိုက်ဘောက်စ် (Light Box) ကြော်ငြာများ
ချိတ်ဆွဲကြော်ငြာခြင်းလုပ်ငန်းလုပ်ကိုင်လိုသူများခေါ်ယူခြင်း

မြန်မာ့မီးရထား၊ ရန်ကုန်ဘူတာကြီးအတွင်းရှိ Light Box ကြော်ငြာများ ချိတ်ဆွဲတပ်ဆင်ခြင်းလုပ်ငန်းအား ကိုယ်စားလှယ် (Agent) အဖြစ် လုပ်ကိုင်လိုသည့် ကြော်ငြာကုမ္ပဏီများ၊ မြန်မာနိုင်ငံသား ပုဂ္ဂလိကကြော်ငြာလုပ်ငန်းရှင်များသည် အမှတ်(၃၅၇/၃၆၁)၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ့မီးရထား(ရုံးချုပ်)၊ စီးပွားရေးဌာနသို့ ၂၆-၄-၂၀၀၄ ရက်မှ ၁၀-၅-၂၀၀၄ ရက်အတွင်း လူကိုယ်တိုင် လာရောက်ဆက်သွယ်ပြီး သတ်မှတ်ချက်များနှင့်အညီ အဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့မီးရထား(စီးပွားရေးဌာန)

ဖုန်း- ၀၁-၂၉၁၃၉၆၊၂၀၁၅၅၊ လိုင်းခွဲ - ၄၂၈



စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

မောင်အောင်သီဟ

(3rd Yrs,Phi) (Dip in Business Marketing)
(Managing Director, Yadanar Dipa International Services Co.,Ltd.)
(Managing Director,Colossal Travels&Tours Co.,Ltd.)

နှင့်

မဝင်းဝင်းမာ တို့၏

၁၀-၆-၂၀၀၀ ရက်တွင် နှစ်ဖက်သော လူကြီးမိဘများ၏ သဘောတူခွင့်ပြုချက်အရ စေ့စပ်ကြောင်းလမ်းထားခြင်းကို စိတ်သဘောထားချင်း မတိုက်ဆိုင်ပါ၍ ကျွန်မ မဝင်းဝင်းမာ၏ ဆန္ဒအရ ဖျက်သိမ်းလိုက်ပါကြောင်း။

မဝင်းဝင်းမာ ၁၂/သဃက(နိုင်)၀၈၅၂၃၇

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မောင်မြတ်သူ ၁၂/သဃက(နိုင်)၁၅၂၆၃၁ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်(Passport No-၃၃၈၉၇၆) ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၅၇၈၃၉၁**

Queen's Rose Body Fitness Centre အား

ယခင်နေရာမှ ယခု အမှတ် ၂၉၄၊ (ပထမထပ်) ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။

(တာမွေယာယီဈေးရှေ့) ဖုန်း-၅၄၂၆၁၃

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ကျောင်း၊တန်ဆောင်း၊ဇရပ်၊
ရေတွင်း၊ရေကန်၊ရဟန်း ဒါယိကာမကြီး

ဒေါ်ခင်ကြည် (၇၂)နှစ်

မြပိုးထည်တိုက် (ရွှေတောင်)

ရွှေတောင်မြို့ သမိုင်းဝင် ရွှေနတ်တောင်စေတီတော်မြတ်ကြီး၏ ဇရပ်နှင့် အနောက်ဘက်စောင်းတန်း အလှူရှင် ဦးမြ-ဒေါ်ညွှန့်ညွှန့်ခင်တို့၏ညီမ၊ဒေါ်ခင်ကြည် ၂၀-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဂေါပကအဖွဲ့
ရွှေနတ်တောင်စေတီတော်မြတ်ကြီး၊ ရွှေတောင်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဆွေစိုး

(ဦးဆောင်ညွှန်ကြားရေးမှူး)

ဦးခင်မောင်ဝင်း ဒုတိယဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန၏ဇနီး ဒေါ်ခင်ဆွေစိုး (ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမပို့ကုန် သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန) ကွယ်လွန်သည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန။

တစ်နှစ်ပြည့်အလွမ်း (၂၄-၄-၂၀၀၄)

ဗိုလ်မှူးအောင်မြင့်

ဒု-တပ်ရင်းမှူး (O.T.S) (၇၅)

မိသားစုအပေါ် မေတ္တာတရားကြီးမားသော ဦးအောင် နီလာတို့ သားအမိကိုခွဲခွာသွားသည်မှာ (တစ်နှစ်) ပြည့်မြောက်ပြီးဖြစ်သော်လည်း ယနေ့တိုင် သတိရတမ်းတနေဆဲပါ။ မိသားစုနှင့်အတူရှိစဉ်က ပျော်ရွှင်ကြည်နူးမှုတွေ ပြည့်စုံခဲ့သောနေ့များကို တစ်နေ့မှမမေ့မရပါ။ ဦးအောင်အား ရည်စူးပြီး ပြုခဲ့သမျှသောကောင်းမှုအစုစုတို့ကို အေးချမ်းမြင့်မြတ်သောဘုံဘဝမှ သာဓုအကြိမ်ကြိမ် ခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး- ဒေါ်နီလာမြင့်
သားသား- ဝိုင်းတုံချစ် ၊အလက(၁၄)၊ ဒုတိယတန်း
မီးမီး- သဲတုံချစ်
နန်းရှေ့၊ မန္တလေးမြို့

ကျေးဇူးဆပ်ပါမည်

သင်္ကြန်အတွင်း Casio Digital Camera ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက ထိုက်ထိုက် တန်တန် ကျေးဇူးဆပ်ပါမည်။ **စိုးမြင့်**

ဖုန်း-၀၉ ၅၀ ၀၃၃၁၆ / ၆၅၀၃၇၈

ရောင်းမည်

ပါရမီရိပ်သာ (60'x 47')
ထောင့်ခြံ၊ နှစ်ဖက်လှ
ဖုန်း- ၆၆၁၇၇၄၊
၀၉ ၈၀ ၃၂၈၀၆

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ဂျောရေဝင်း(ခ)ဒေါ်ချော

သာယာဝတီ

အသက် (၇၉)နှစ်

သာယာဝတီမြို့ မင်းကျောင်းအရှေ့ အိမ်အမှတ် (၉)နေ (ဦးဘိုးဝင်း-ဒေါ်အေးဖြူ)တို့၏သမီး၊ (ဦးစောအေး)၏ ဇနီး၊ ဦးလှဝင်း-ဒေါ်ခင်မာရီ၊ ဦးစိန်မြင့် (အထက-၃၊ ကမာရွတ်)-ဒေါ်ခင်စမ်းအေး (အထက-လှည်းကူး)၊ ဦးစောကျော်ဝင်း-ဒေါ်အေးဂျမ်းတို့၏မိခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၃-၄-၂၀၀၄ ရက် ည ၉း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပြီး ဖြစ်၍ ၁၅-၄-၂၀၀၄ရက်တွင် သာယာဝတီမြို့ နှစ်ခြင်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဒုရဲအုပ် သိန်းနိုင်

ပြည်သူ့ရဲတပ်ဖွဲ့(လှိုင်ကော်)

အသက် (၃၄)နှစ်

ရေစကြိုမြို့နယ် ရွှေလုံကျေးရွာနေ ဦးသောင်း-(ဒေါ်လေးအုံ့)၊ ဦးထွန်းစိန်-(ဒေါ်နန်းခင်)တို့၏မြေး၊ ဦးသောင်းညွှန့်- ဒေါ်လှကွန့်တို့၏သား၊ ရေစကြိုမြို့ သုခဝတီ ရပ်ကွက်နေ ဦးဌေးအောင်-ဒေါ်ခင်ပိုတို့၏ သားသမက်၊ ကိုမြင့်လွင်၊ မအေးအေးမာ (ဆိုင်ကယ်ပြုပြင်ရေး)၏မောင်၊ မကြူကြူသင်း၊ မတင်မာထွေး အမက(နီပဆေးတော)၏ အစ်ကို၊ ဒေါ်ဖြူဖြူဝင်း P.hD (Thesis) Nuclear Technology ရန်ကုန်နည်းပညာတက္ကသိုလ်၏ ခင်ပွန်းဖြစ်သူ ဒုရဲအုပ်သိန်းနိုင်သည် ၁၈-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်ပါ၍ ယင်းနေ့ညနေ ၃ နာရီတွင် ရွှေလုံကျေးရွာ သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီး မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ခင်ကြည်

(မြပိုးထည်တိုက်၊ ဗိုလ်ချုပ်ဈေး)

အသက်(၇၂)နှစ်

ရွှေတောင်မြို့ ယွန်းတန်းရပ် ဦးခင်မောင်-ဒေါ်ထားပုတို့၏ သမီးထွေး၊ ရွှေတောင်မြို့နယ်အသင်း နာယက ဒေါ်ညွှန့်ညွှန့်ခင်၏ညီမသည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရွှေတောင်မြို့နယ် အသင်းသူ အသင်းသားများအား အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့။

ကသာခရိုင်အသင်း(ရန်ကုန်)

ဦးထွန်းရင် (ရုပ်ရှင်)(၇၅)နှစ်

ရွှေပြည်သာမြို့ အမှတ် ၅/၁/၂၄၈(က) စိန်ချယ်လမ်းနေ ဦးထွန်းသိန်း-ဒေါ်ခင်သက်မာ (တပ်မတော်ချည်စက်-သမိုင်း)၊ ဦးသက်ညွှန့်(TTA ကွန်ပျူတာ၊တောင်ဂူ)-ဒေါ်အေးအေးသင်း၊ (ဦးသက်ထွန်း)-ဒေါ်စန်းစန်းမြင့်၊ ဒေါ်ခင်သက်မူ (အထည်-၁၁)၊ ဦးသက်လွင်-ဒေါ်ထွေး၊ ဦးသက်တင်-ဒေါ်ဌေးဌေးနွယ်၊ ဦးစန်းနိုင် (Simla Co.,Ltd.)-ဒေါ်ခင်သက်မွန်၊ ဦးထွန်းထွန်း- ဒေါ်ခင်သက်မော်တို့၏ဖခင် ဒေါ်ခင်ခင်ကြီး(ခ) ဒေါ်ခင်မာ၏ခင်ပွန်းဖြစ်သူ ဦးထွန်းရင်သည် ၁၇-၄-၂၀၀၄ ရက်၌ ကွယ်လွန်ပြီး ၁၉-၄-၂၀၀၄ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း အသင်းဝင်မိသားစုများအား အကြောင်းကြား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဘုရား၊ ကျောင်း ဒါယကာကြီး

ဦးညီပု (တောင်ကြီးမြို့)

လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်

အသက်(၇၈)နှစ်

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဧရာဝတီလမ်း၊ အမှတ် ၃၄ နေ (ဦးကြွယ်–ဒေါ်ပု)တို့၏ ပဉ္စမမြောက်သား၊ ဒေါ်ခင်အေးဖြူ(ဆန်းယဉ်စတိုး ဖိနပ်ဆိုင်၊ တောင်ကြီး)၏ခင်ပွန်း၊ ဦးမြင့်သိန်း (Asst.Technical Manager Singa Star Pte; Ltd. Singapore)၊ ဒေါ်မော်မော်ညီ၊ ဦးကျော်ကျော်ညီ၊ ဒေါ်မြင့်သီ၊ ဦးဇော်ဇော်ညီ၊ ဦးဇော်ဝင်း(Chief Officer Moonsoon Pte; Ltd.)–ဒေါ်နော်နော်ညီ၊ ဦးတော်တော်ညီ–ဒေါက်တာစိန်စိန်လှိုင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၃–၄–၂၀၀၄ရက် နံနက် ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၄–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ ဇီဇဝါလမ်း၊ အမှတ် ၆(ဆ) နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ရီ (ဗဟန်း)

(ရန်ကုန်ဟိုက်စကူးကျောင်းသူဟောင်း)

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ် ၅၃၊ အခန်း ၁၂၊ မြန်မာ့အလင်းသတင်းစာတိုက်ဝင်းနေ (ဦးစိန်–ဒေါ်ခင်အေးနွယ်)၊ ဒေါ်အေးတင်တို့၏သမီး၊ (ဦးတင်မောင်–ဒေါ်စောကျင်)တို့၏သမီးချွေးမ၊ ဓာတ်ပုံဦးသွင်အေး (သတင်းထောက်မှူး၊ ငြိမ်း၊ ကြေးမုံ)၏ဇနီး၊ ဦးလှမြင့်(ညွှန်မှူးစီမံ၊ ငြိမ်း၊ ဆေး/သု ဦးစီးဌာန၊ အုပ်ချုပ်ရေးနှင့် HR မန်နေဂျာ (M.G.S)–ဒေါ်မြင့်မြင့်သန်းတို့၏ညီမ၊ ဦးမြင့်ထွန်း–ဒေါ်သန်းသန်းရွှေ၊ ဦးထွန်းထွန်းဝင်း (ဆေး၊ သုဦးစီး)–ဒေါ်သန်းသန်းအေး(ဆေး/သုဦးစီး)–ဒေါ်အေးအေးမာ (စိုက်ပျိုးရေး)၊ (ဦးအောင်ဇော်တင့်)–ဒေါ်မြင့်မြင့်ဇော်၊ ဦးကျော်ရှင်း–ဒေါ်ချိုချိုလွင်၊ ဦးဇော်လင်း–ဒေါ်ခင်စိုးမြင့်တို့၏အစ်မ၊ [ဦးသိုက်ထွန်း(ကြေးမုံ၊ ငြိမ်း)–ဒေါ်ခင်ညွန့်]၊ (ဦးသိန်းတင်–ဒေါ်မြမြ)၊ ဦးကျော်ငွေ–ဒေါ်သန်းသန်းဆွေတို့၏ညီမ၊ ဦးဉာဏ်ဝင်းထွန်း(GM-Forward Co., Ltd.)–ဒေါ်မီမီသွင်၊ ဦးဇော်ဇော်သွင်–ဒေါ်အေးမိစံ(ဝါနှင့်ပိုးချည်)၊ ဦးမောင်မောင်သွင်–ဒေါ်တင်တင်ဦး(ပုံနှိပ်/ရှင်း)၊ ဒေါ်ညိုမီသွင်(အာရှခနေဘဏ်ရုံးချုပ်)တို့၏မိခင်၊ မဖြိုးရတနာသွင်(လသာ–၂)၊ မဇာခြည်သွင်တို့၏ဘွားဘွားကြီးသည် ၂၂–၄–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄–၄–၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးညွန့်မောင်

(ငွေစာရင်းမင်းကြီးရုံး၊ အငြိမ်းစား)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၀၅၅၊ ဣန္ဒာ ၉ လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးသိုက်ထွန်း–ဒေါ်သက်နှံ)တို့၏သား၊ (ဒေါ်ခင်ပု)၏ ခင်ပွန်း၊ (ဦးဂေါ်ရာ–ဒေါ်မြမေ)၊ ဦးဖေလှိုင်–(ဒေါ်ညွန့်မေ)တို့၏မောင်၊ ဒေါ်စောမေ၏အစ်ကို၊ ဦးမျိုးအောင်(မြို့နယ်စာရင်းစစ်အရာရှိ၊ဝါးခယ်မ)–ဒေါ်ဝင်းကြည်၊ ဦးမျိုးသန့်–ဒေါ်အုံးကြည်၊ ဒေါ်ခင်မျိုးတင့် (အမှတ်–၁၊ စက်မှုဝန်ကြီးဌာန)၊ ဦးမျိုးအေး–ဒေါ်လေးခင်၊ ဦးမျိုးညွန့်၊ ဒေါ်ခင်မျိုးဝင်း(Mega One)တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၂၂–၄–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၄–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမင်းအောင်

လဝက၊ဒုဦးစီးမှူး(ငြိမ်း)

အသက်(၆၇)နှစ်

ထားဝယ်မြို့နေ(ဦးသိန်းမောင်–ဒေါ်မိမိလှိုင်)တို့၏သား၊ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၂၄ လမ်း၊ အမှတ် ၇၁၀ နေ ဦးလှမောင်–(ဒေါ်ဆုံ)တို့၏သားသမက်၊ ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ ဦးငြိမ်းမောင်(လဝက ဒုဦးစီးမှူး၊ ငြိမ်း)–ဒေါ်အေးကြိုင်တို့၏ အစ်ကို၊ မမော်မော်အောင်၊ ကိုထင်အောင်ဝင်း၊ မမင်းသွယ်သွယ်အောင်၊ ကိုရှိန်အောင်ဝင်း၊ မသဲသုသုအောင် (ဒဂုံတက္ကသိုလ်၊ပထမနှစ်၊ဓာတုဗေဒ)တို့၏ ဖခင်သည် ၂၁–၄–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅–၄–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးအောင်သန့်မြင့်(ခ)ကိုမိုး

အသက်(၃၅)နှစ်

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့၊ အမှတ် ၃၂/၃၇၆၊ အမှတ် ၄၊ စက်မှုဒေသလမ်းနေ ဦးဟန်ကျင်–(ဒေါ်ကျင်စီ)တို့၏ သား၊ ဦးအောင်သူ–ဒေါ်သန်းသန်းငွေ၊ ဦးကျော်မင်း–ဒေါ်ခင်မာထွေး၊ ဦးခင်ကျော်–ဒေါ်ကြည်ကြည်ညွန့်၊ ဦးစောအောင်–ဒေါ်သီတာထွေးတို့၏ညီ/မောင်သည် ၂၂–၄–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၄–၂၀၀၄ရက် (စနေနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယကာကြီး

ဦးညီပု (တောင်ကြီးမြို့)

လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်

အသက်(၇၈)နှစ်

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဧရာဝတီလမ်း၊အမှတ် ၃၄နေ(ဦးကြွယ်–ဒေါ်ပု)တို့၏ပဉ္စမမြောက်သား၊ ဒေါ်ခင်အေးဖြူ (ဆန်းယဉ်စတိုး ဖိနပ်ဆိုင်၊ တောင်ကြီး)၏ခင်ပွန်း၊ မအိဖြိုးထက် A.E.S (Singapore)၊ မယုယုမွန် C.G.S (Singapore)၊ မောင်အောင်ပြည့်ဖြိုး T.W.P.S (Singapore)၊ မောင်ခန့်စည်သူ (အထက–၂၊ ကမာရွတ်)၊ မဆုမြတ်သီရိဇော်(အထက–၂၊ ကမာရွတ်)တို့၏ဘိုးဘိုးကြီး ဦးညီပု (တောင်ကြီးမြို့၊ မြို့မဈေးကြီး ဥက္ကဋ္ဌဟောင်း)သည် ၂၃–၄–၂၀၀၄ရက် နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၄–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ ဇီဇဝါလမ်း၊ အမှတ် ၆(ဆ) နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ကြည်

ကျောက်ဖြူ(အသင်းဝင်အမှတ်–၁၁၁၂)

အစိုးရအထက်တန်းယဉ်ကျေးမှုကျောင်း

(ကျောင်းအုပ်၊ ငြိမ်း)

(စစ်တွေ)(ရွှေတောင်)

အသက်(၇၄)နှစ်

ကျောက်ဖြူမြို့၊မြစ်နားတန်းရပ်ကွက်နေ (ဦးဘထွန်း–ဒေါ်ကြိုင်ဖြူ)တို့၏ သမီး၊ (ဦးလှမောင်–ဒေါ်စိန်စိန်သန့်)တို့၏ညီမ၊ (ဦးလှအောင်–ဒေါ်ဝိုင်းရင်)၊ ဦးလှဖေ–(ဒေါ်ခင်ပုလဲ)၊ ဦးအုန်းဖေ–ဒေါ်လှရီ၊ ဦးလှမြင့်–ဒေါ်တင်တင်၊ ဦးထွန်းရီ–(ဒေါ်လှတင့်)တို့၏ အစ်မ၊ အမှတ် ၁၊ လေးလွှာ၊ မြို့ပတ်လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဒေါ်ကြည်ကြည်သည် ၂၂–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၄–၄–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြမြစန်း

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၁၃၈ နေ (ဦးမောင်မောင်–ဒေါ်သန်း)တို့၏သမီး၊ (ဦးမြင့်စိုး) အငြိမ်းစားဒုရဲမှူးကြီး၊ အောက်မြန်မာနိုင်ငံသတင်းတပ်ဖွဲ့၏ဇနီး၊ ဦးကျော်သိန်း–ဒေါ်တင်တင်ရီ၊ ဦးပါကြီး–ဒေါ်ခင်စန်းမွန့်တို့၏ညီမ၊ ဒေါ်စန်းစန်း၊ ဒေါ်စိန်စိန်၊ ဦးအောင်ဆန်း၊ ဒေါ်သိန်းသိန်းတို့၏အစ်မသည် ၂၁–၄–၂၀၀၄ ရက် ည ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၄–၂၀၀၄ရက် ညနေ ၃ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးဝင်းဖေ (မုံရွာဝင်းဖေ)

စာတည်းမှူးချုပ်(ငြိမ်း) စာပေဗိမာန်

အသက်(၆၀)

မုံရွာမြို့၊ သာစည်ရွာ (ဦးဘကို–ဒေါ်လေးခင်)တို့၏သား၊ ဒဂုံမြို့သစ်၊ ဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်အိမ်ရာ၊ ၁၁ လမ်း၊ တိုက် ၃၁၊ အခန်း ၁၀၂ နေ ဒေါ်ခင်အုန်းမြင့်(သာသနာထွန်းကားပြန့်ပွားရေး)၏ခင်ပွန်း၊ ဦးသေိကဉာဏ၏ခမည်းတော်၊ ဒေါ်ကြည်ညွန့်(အထပြ၊ငြိမ်း)၊ ဒေါ်ကြည်စိန်တို့၏မောင်၊ ဦးဆွေ (ရေအရင်းအမြစ်)၊ ဒေါ်သန်းနွယ်တို့၏အစ်ကိုသည် ၂၂–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၄–၄–၂၀၀၄ရက် ညနေ ၆ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီးဖြစ်သူ ဒေါ်ခင်ဆွေစိုး အသက်(၅၉)နှစ် (ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန)သည် ၂၀–၄–၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။**

ဦးကျော်ညွန့်

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သုခရိပ်သာ၊ အမှတ်(၆)ရပ်ကွက်၊ (စ)လမ်း၊ အမှတ် ၁၃၁ နေ ဒေါ်တင်နု၏ခင်ပွန်း၊ ဦးဝင်းကိုကို (ဒုညွှန်မှူး၊ စစစ၊ ချင်းပြည်နယ်ရုံး၊ မန္တလေးမြို့)–ဒေါ်ခင်အေးမြင့်၊ (ဦးတင့်လွင်)–ဒေါ်အုံးတင်၊ ဒေါ်ခင်စန်းမြင့်၊ (ဦးဝင်းနိုင်)၊ ဦးစိုးနိုင်(ရွှေဂုံတိုင်အထူးကုဆေးခန်း) – ဒေါ်ကြည်ကြည်သန်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၂၂–၄–၂၀၀၄ရက် ည ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄–၄–၂၀၀၄ရက်(စနေနေ့) ညနေ ၃နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရီရီခင် (တိုက်ကြီး)

အသက်(၇၁)နှစ်

ရန်ကုန်မြို့နေ ဒေါက်တာကျော်စိုးဝင်း–မမျိုးသီတာအောင်၊ ကိုတင့်ဇော်(မြို့တော်စည်ပင်/ရေသန့်)–မသော်တာဝေမွန်ဦး၊ ဗိုလ်ကြီးရန်နိုင်ထူး – မယမင်းသီတာအောင်၊ ကိုဇင်မင်းအောင် (မြို့တော်စည်ပင်၊ရေသန့်)၊ မနန္ဒာဝေမွန်လတ်၊ ကိုမင်းမင်းသိုက်–မတင်မိုးခိုင်၊ ကိုမင်းမင်းဖြိုး၊ကိုဇော်မျိုးသန့်(သန့်သန့်လေး)–မခိုင်ဇာဝေမွန်ဟိန်း၊ မအေးမြသီတာအောင်၊ မမိုးကလျာဟန်၊ ကိုစည်သူဝေမွန်လင်း၊ မဖွန်လဲ့လဲ့ဖြူ၊ မောင်ကျော်ကျော်ထိုက်၊ မဇာခြည်ညိုဝင်း၊ မရွှေရည်ညိုဝင်း၊မနှင်းနေခြည်ပွင့်၊မခိုင်မီမီကျော်၊ မဖြိုးရတနာခိုင်၊ မခိုင်မိမိဇင်၊ မဝင့်ဝါထွန်း၊ မောင်ဝေယံကောင်း၊ မောင်ဝေဖြိုးကျော်၊ မသိမ့်ရတနာလှိုင်၊ မမိုးသဉ္ဇာမြင့်သိန်း၊ မရွှန်လဲ့ရူပါဝင်း၊ မောင်မြတ်နိုးကောင်း၊ မမိုးသံသာမြင့်သိန်း၊ မဖြိုးသဉ္ဇာအောင်ဇင်၊ မောင်အာကာမော်မော်၊ မလဝန်းကြည်ပြာခင်၊ မဖူးပြည့်စုံ၊ မစုလတ်နွယ်တို့၏အဘွားမြစ်ကိုးယောက်တို့၏အဘွားသည် ၂၁–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၄–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမြေး၊မြစ်တစ်စု။

ဒေါ်မြမြစန်း

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၁၃၈ နေ (ဦးမြင့်စိုး)(အငြိမ်းစားဒုရဲမှူးကြီး၊ အောက်မြန်မာနိုင်ငံ သတင်းတပ်ဖွဲ့)၏ဇနီး၊ ဦးသန်းနိုင်ဦးစိုး၊ ဒေါ်အေးအေးမာ (M.Sc, Bot ကထိက၊ မြစ်ကြီးနားကောလိပ်)၊ ဦးညီညီစိုး (B.Sc, Zoo)၊ မသီတာစိုး(M.Sc, Phy)တို့၏မိခင်သည် ၂၁–၄–၂၀၀၄ ရက် ည ၉း၂၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂၅–၄–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုမောင်မောင်တာ

အသက်(၃၂)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အောင်မာဃလမ်း၊ အမှတ် ၅/ခ နေ (ဦးတင်သိန်း)–ဒေါ်ခင်ကြည်တို့၏ သားထွေး၊ ဦးတင်ဖေ–ဒေါ်နုနု၊ ကိုအောင်မြင့်၊ မမြင့်မြင့်စန်း၊ ကိုတင်သိန်း–မသန်းသန်းနု၊ ကိုထွန်းရီ–မရီရီသူ၊ ကိုစိုးနိုင်–မရီရီတာတို့၏ညီ/မောင်၊ ပြည်မြို့၊ ဆံတော်ရပ်၊ တမာပင်လမ်းနေ ဦးအောင်စိုး–ဒေါ်သိန်းသိန်းတို့၏ သားသမက်၊ မအေးအေးခိုင် (သရုပ်ပြ၊ ဓာတုဗေဒဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၏ခင်ပွန်းသည် ၂၂–၄–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၄–၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ခင်တီ (ပဲခူး)

အသက်(၉၀)

ပဲခူးတိုင်း၊ ကမာစဲရွာနေ (ဦးမြတ်ကျော်–ဒေါ်စိမ်းခင်)တို့၏သမီး၊ ပဲခူးမြို့နေမြို့အုပ်ကြီး(ဦးဘကျော်–ဒေါ်တင်)တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ နတ်ချောင်းနေ (ဦးစိန်မောင်)–ဒေါ်လှမြင့်၊ ဦးပါ–ဒေါ်ခင်ခင်တို့၏အစ်မ၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အမှတ် ၄၅၊ ဓမ္မဝိဟာရလမ်းနေ (ဦးစောလှ)(ဒုတိယအတွင်းဝန်၊ နိုင်ငံခြားရေးရုံး)၏ဇနီး၊ (ဦးအုန်းသွယ်)–ဒေါ်ထားကြည်၊ (ဦးလှမြင့်)–ဒေါ်မြမေ၊ (ဦးလှတင့်)–ဒေါ်ညွန့်ညွန့်ခင်၊ ဦးတင်ထွန်း–ဒေါ်ခင်သန်းရီတို့၏အမေ၊ မြေး ၁၇ ယောက်၊မြစ် ၁၅ယောက်တို့၏ဘွားဘွားကြီးသည် တာမွေမြို့နယ်၊ အမှတ် ၄၅၊ ဓမ္မဝိဟာရလမ်းနေအိမ်၌ ၂၂–၄–၂၀၀၄ ရက် ညနေ၆း၁၅နာရီတွင်ကွယ်လွန်သွားပါ၍ ၂၄–၄–၂၀၀၄ရက်(စနေနေ့) နံနက် ၉ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးမောင်ကြည်(ခ) ဦးခီးယား (မြိတ်)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊မလွကုန်း၊ ငွေးကြွယ်ရပ်ကွက်၊ သူငွေးလမ်း၊ အိမ်အမှတ် ၁၂၊ လေးလွှာနေ ဒေါ်သိန်း၏ခင်ပွန်း၊ ဦးသက်လွင်–ဒေါ်အာယု၊ ဦးမောင်မောင်–ဒေါ်ခင်ယုလွင် (မော်လမြိုင်)၊ Capt–သိန်းအင် (Skyline Ship Management)–ဒေါ်စပယ်ခိုင်၊ ဦးကျော်ညွန့်–ဒေါ်အေးအေးယု၊ ဦးစင်းအင်–ဒေါ်စောကြည်၊ ဦးဂွမ်အင်–ဒေါ်တင်တင်လှိုင်၊ (ဦးအင်စိုး)၊ (ဦးထွေးအင်)–ဒေါ်သန်းသန်းနွယ်၊ မဆွေဆွေယု၊ မဝေဝေယု (ယုဇနကုမ္ပဏီ)၊ ကိုသက်ထွေး(ယုဇနကုမ္ပဏီ)–မငြိမ်းပပ(နည်းပြ၊ မြန်မာစာဌာန)တို့၏ဖခင်၊ မြေး ၁၅ ယောက်တို့၏အဘိုးသည် ၂၂–၄–၂၀၀၄ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၅၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄–၄–၂၀၀၄ရက် (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါက်တာအမ်ဆိုင်းတောင်

ဆေးရုံအုပ်ကြီး(ငြိမ်း)

ရန်ကုန်တက္ကသိုလ်များဆေးရုံ

အသက်(၆၈)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့၊ ဃ/၂၁၄၊ တာမိုးနဲလမ်းနေ (ဖုန်ရွှေဒူဝါအမ်ဇော်လ–ဒူဂျန်အယ်လ်နန်ကိုင်)တို့၏သမီးကြီး၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အမှတ် ၁၂၊ စကြာလမ်း၊ ကျောက်မြောင်းနေ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးဇာခေါင်း၏ဇနီး၊ (ဦးမရန်ဇော်ဆိုင်း)၊ ဦးမရန်ဇော်တောင်–ဒေါ်ဖော်ယူးဂျိုးနန်၊ ဒေါ်မရန်ဂျာဘောက်–ဦးဆွမ်လွတ်နော်၊ ဒေါ်မရန်နန်ဒွဲ–ဦးလဖိုင်ဇော်မွန်း၊ ဒေါ်မရန်နန်ရှန်–(ဦးပေါလ်ဇင်ဟန်တူးနန်)၊ ဒေါ်မရန်ဂျာနူး–ဦးလဖိုင်ဒေးဗစ်ဂွမ်း၊ ဒေါ်မရန်ဂျာခါးမိုင်–ဦးလဇူနော်ဒင့်၊ ဒေါ်မရန်နန်ပန်–(ဦးလထော်လဂျာ)၊ ဒေါ်မရန်နန်ရောင်–ဦးမဂျီတန်နိုင်တို့၏ အစ်မကြီး၊ ဒေါ်ဇက်နန်ရော် – ဗိုလ်မှူးဘီလှမ်းဖေ (ငြိမ်း)၊ ဒေါ်ဇက်ဂျာဘန်–ဦးလမိုင်နော်တောင်၊ ဒေါ်ဇက်နန်ဆမ်–ဦးခက်ဆိုင်းတူး၊ မဇက်ခေါင်ခယမ်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၂–၄–၂၀၀၄ရက် ည ၇း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆–၄–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၉ နာရီတွင်ရေဝေးခရစ်ယာန်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်နှင့် ရန်ကုန်ကချင်နှစ်ခြင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှကျော် (ဆင်ဖြူကျွန်း)

သက်ကြီးကန်တော့ခံ

စာပေပညာရှင်

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

အခြေခံပညာဦးစီးဌာန

ပညာတန်ဆောင်အုပ်ချုပ်ရေးမှူး(ငြိမ်း)

မင်းဘူးအသင်း(နာယက)

အသက်(၉၀)

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ခွန်နီလမ်းသွယ် (၂)၊ အမှတ် ၉၃ နေ (ဒေါ်ဖွားသိုက်)၏ခင်ပွန်း၊ (ဗိုလ်နေဝင်း)၊ ဒေါ်စန်းစန်းဝင်း(ရသုံးဦးစီး)၊ (ဦးအောင်ဝင်း)–ဒေါ်နုနုသိန်း၊ ဦးရဲဝင်း(စစစ)–ဒေါ်တင်တင်ကျော်၊ ဦးကျော်ဝင်း(အကျဉ်းဦးစီး)–ဒေါ်ဆန်းဆန်းမြင့်၊ ဒေါ်စုစုဝင်း(ရှေ့နေချုပ်ရုံး)တို့၏ဖခင်ကြီး၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၃–၄–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇–၄–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်း၊ရေတွင်း ဒါယိကာမကြီး

ဒေါ်စွမ်ကြိုင် (ဖျာပုံ)

အသက်(၈၇)နှစ်

(ဦးချန်ရင်ကြိုင်)၏ဇနီး၊ ဖျာပုံမြို့နယ် အမှတ် ၉၂၊ ဒုတိယလမ်းနေ ဒေါ်ကျင်သန်း(ရေလုပ်ငန်းသုံးပစ္စည်းရောင်းဝယ်ရေး)၊ရန်ကုန်မြို့၊ အမှတ် ၂၆၊ ၁၄လမ်း၊ လမ်းမတော်မြို့နယ်နေ ဦးမြင့်ဦး–ဒေါ်သန်းမြင့်(ရေလုပ်ငန်းပစ္စည်းရောင်းဝယ်ရေး)၊ ဖျာပုံမြို့၊ အမှတ် ၇၃၊ ဒုတိယလမ်းနေ ဦးမင်းဇော်–ဒေါ်အေးအေးသန်း (ရတနာပုံ၊ စီပေါင်း၊ ပုစွန်ခြောက်ရောင်းဝယ်ရေး)တို့၏မိခင်၊ မလင်းလင်းထွန်း၊ မောင်သန်းကုဋေဦး၊ မောင်ဌေးခိုင်၊ မောင်အောင်ကျော်စိုး၊ မောင်စိုးလင်းထက်၊ မောင်ဉာဏ်လင်းထက်တို့၏အဘွားသည် ၂၀–၄–၂၀၀၄ရက်(အင်္ဂါနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၄–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ် ၂၆၊ ၁၄ လမ်း၊ လမ်းမတော်နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရီရီခင် (တိုက်ကြီး)

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၃၁၅၊ဘူတာရုံလမ်း၊ကံဘဲ့(၁၁)ရပ်ကွက်နေ ကန်တော့ခံ စာပေပညာရှင် အမျိုးသားစာပေ ပထမဆုရ စာရေးဆရာ ညိုဝင်း(ခ)ဦးကျော်ဝင်း၏ဇနီး၊ ဦးဇော်ဝင်း(ခ)ပန်းချီဝေမွန်လင်း–ဒေါ်မြင့်မြင့်ရည်၊ ဦးအောင်ဇင်–ဒေါ်ဒေစီ၊ ဦးအောင်ကြည်[ဥက္ကဋ္ဌ၊ စက်မှုဇုန်(၃)၊ တောင်ဒဂုံ]၊ ဒေါ်ခင်သီတာဝင်း(ပြည်ဖြိုး ဆန်ရောင်းဝယ်ရေး)၊ ဦးအောင်စိုးဝင်း(တွဲဖက်ပညာရေးမှူး၊ ရန်ကင်းမြို့နယ် ရိုးရာပန်းအစည်းအရုံး၊ Royal Artisan Co., Ltd.)–ဒေါ်နွယ်နီ၊ ဦးသိန်းထွန်း–ဒေါ်ခင်မြင့်မြင့်မော်၊ ဦးမြင့်သိန်း–ဒေါ်ခင်စန္ဒာမိုး၊ ဦးနေလင်းနိုင်–ဒေါ်ခင်ဝေလှိုင်၊ ဦးခင်မောင်ညို–ဒေါ်ခင်နုကြည်၊ ဦးရဲမင်းမောင်–ဒေါ်ခင်သူဇာဝင်းတို့၏မိခင်သည် ၂၁–၄–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၅–၄–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမင်းဟန်(ခ)ဦးစိုးအောင်

လူမော် (စာရေးဆရာ)

အသက်(၆၂)နှစ်

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ ကမ်းနားလမ်း၊ အိမ်အမှတ် ၃၄၂ နေ (ဦးဖိုးမြ–ဒေါ်ညို)တို့၏သားထွေး၊ ဒေါ်နော်မူကြီး၏ခင်ပွန်း၊ ဦးကြည်မြင့်–ဒေါ်ထွေးကြည်တို့၏မောင်၊ မချို၊ ရဲမင်းအောင်–ခင်နှင်းဆီ (အထွေထွေဆေးရုံသစ်ကြီး)၊ ကိုနိုင်စိုး–မစန်းစန်းဝင်း၊ ငွေးနီဝင်း–အေးအေးစိုးတို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၂၂–၄–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၈း၁၀ နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၂၄–၄–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ချင်းပြည်နယ်၊ဟားခါးမြို့၊ခွာရုံထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း ဦးစီးပဓာနနာယက

ချင်းပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သိရိန္ဒ

သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ

ချင်းပြည်နယ်၊ ဟားခါးမြို့၊ ခွာရုံထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၏ ဦးစီးပဓာနနာယက ချင်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသိရိန္ဒသည် ၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၂ရက်(၂၀–၄–၂၀၀၄ရက်) အင်္ဂါနေ့ နံနက် ၆း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏အန္တိမအဂ္ဂိစျာပန ပူဇာသဘင်ကို ကဆုန်လဆန်း ၁၁ ရက် (၂၉–၄–၂၀၀၄ရက်) ကြာသပတေးနေ့တွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

တပည့်သံဃာများ၊ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ထေရဝံသ မဟာထေရ် (မြို့နယ်ဝိနည်းဓိုရ်)

သက်တော်(၆၆)နှစ်၊ သိက္ခာတော်(၄၆)ဝါ

ဧရာဝတီတိုင်း၊ မြန်အောင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ယွန်းကျောင်းတော်ကြီး၏ဦးစီး ပဓာနနာယက ဆရာတော် ဘဒ္ဒန္တထေရဝံသ မဟာထေရ်သည် ၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၂ရက် (၂၀–၄–၂၀၀၄ရက်) ည ၁၁း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ နှစ် ကဆုန်လဆန်း ၈ရက် (၂၆–၄–၂၀၀၄ရက်) မွန်းလွဲ ၂ နာရီတွင် သရက်တပင်သုသာန်၌ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆရာတော်၏ ဆွေတော်မျိုးတော်၊ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဦးဝိသုဒ္ဓ၊ ဦးဉာဏိကနှင့်တပည့်ဒါယကာ၊ဒါယိကာမများ
စျာပနကျင်းပရေးကော်မတီ၊မြန်အောင်မြို့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဇာဂရ

သက်တော်(၆၅)နှစ်၊ သိက္ခာတော်(၄၅)ဝါ

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ အမှတ်(၄)ရပ်ကွက် သီရိမင်္ဂလာတိုက်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာဂရသည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၁ ရက်(၁၉–၄–၂၀၀၄ရက်)တနင်္လာနေ့ နံနက် ၁၁း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၁၃ ရက် (၁–၅–၂၀၀၄ရက်) စနေနေ့ မွန်းလွဲ ၂ နာရီတွင် သီရိမင်္ဂလာကျောင်း၌ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ကျင်းပပူဇော်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာများနှင့်ဒါယကာ၊ဒါယိကာမ။

ဦးလှငွေ(ခ)ဦးလှမြတ်ဦး

လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်

အသက်(၈၆)နှစ်

အမှတ် ၇(A)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးလုံကစ်–ဒေါ်သိန်းညွန့်)တို့၏သား၊ ဒေါ်ရီ(ခ)ဒေါ်နု (ရပ်ရှင်သရုပ်ဆောင်)၏ခင်ပွန်း၊ (ဦးခင်လှ–ဒေါ်အေးကျင်)၊ (ဦးတင်လှ–ဒေါ်ညွန့်)တို့၏ညီ/မောင်၊ ဦးလှသိန်း–(ဒေါ်မြရင်)၊ ဦးလှအောင်–(ဒေါ်သောင်းရီ)၊ (ဦးလှသန်း)–ဒေါ်ပြုံးတို့၏ အစ်ကို၊ (ဦးရှိန်ငွေး)–ဒေါ်ထွေးညွန့်၊ (ဗိုလ်ကြီးဖေငွေး)၊ ဦးမျိုးတင့်–ဒေါ်ဥမ္မာခင်၊ ဦးဉာဏ်ငွေး၊ ဦးဆွေသန်း–ဒေါ်ကြူကြူဝင်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၂–၄–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁း၄၅နာရီတွင်ကွယ်လွန်ပါ၍ ၂၄–၄–၂၀၀၄ရက် (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယကာကြီး

ဦးညီပု

လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်

(တောင်ကြီးမြို့)

အသက်(၇၈)နှစ်

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဧရာဝတီလမ်း၊အမှတ် ၃၄နေ(ဦးကြွယ်–ဒေါ်ပု)တို့၏ပဉ္စမမြောက်သား၊ ဒေါ်ခင်အေးဖြူ (ဆန်းယဉ်စတိုး ဖိနပ်ဆိုင်၊ တောင်ကြီး)၏ခင်ပွန်း၊ (ဦးဘိုးရီ)–ဒေါ်အုံးရင်၊ (ဦးကုလား–ဒေါ်မြကင်း)၊ (ဦးစံဖေ)–ဒေါ်လှသင်း၊ (ဦးချစ်ကြည်–ဒေါ်စောကြည်)တို့၏ညီ/မောင်၊ (ဦးတင်မောင်)–ဒေါ်ခင်သန်းဝင်း၊ (ဦးညီဝင်း)–ဒေါ်သန်းရင်၊ ဦးအောင်စိုး–ဒေါ်သန်းသန်းဝင်းတို့၏အစ်ကိုဖြစ်သူ ဦးညီပု (တောင်ကြီးမြို့၊ မြို့မဈေးကြီး ဥက္ကဋ္ဌဟောင်း)သည် ၂၃–၄–၂၀၀၄ရက် နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၄–၂၀၀၄ရက် (တနင်္ဂနွေနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီရိပ်သာ၊ ဇီဇဝါလမ်း၊ အမှတ် ၆(ဆ) နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်လှ (မောင်မြန်မာ)

စာတည်းမှူး(ငြိမ်း)

ရန်ကုန်တက္ကသိုလ်ဘာသာပြန်နှင့်

စာအုပ်ထုတ်ဝေရေးဌာန

(ကန်တော့ခံသက်ကြီးစာပေပညာရှင်)

သုံးခွမြို့၊ ဥက္ကံရွာ

အသက်(၈၇)နှစ်

သုံးခွမြို့၊ ဥက္ကံရွာနေ (ဦးလွှား–ဒေါ်အုန်းရှင်)တို့၏သား၊ (ဒေါ်ရွှေရင်)၏တူသား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိရိပ်သာလမ်းသွယ်(၂)၊ အမှတ် ၂၆ နေ (ဒေါ်ညွန့်ညွန့်)၏ ခင်ပွန်း၊ (ဦးအောင်ခင်–ဒေါ်ခင်ကြည်)တို့၏ညီ၊ (ဦးအီစွမ်)–ဒေါ်သန်းစိန်၊ ဒေါ်အေးညွန့်၊ ဦးစိန်ဝင်း–ဒေါ်မြခင်၊ ဦးမြင့်အောင်၊ (ဒေါ်စန်းမြင့်)တို့၏အစ်ကိုကြီး၊ Dr. တင်တင်ဝေ–ဦးလွင်ဦး၊ဦးကျော်ကျော်ဟိုး (Top ဆပ်ပြာမှုန့်စက်ရုံ)–ဒေါ်အင်နီသိန်းတို့၏ဖခင်၊ မောင်လွင်မျိုးအောင်၊ မောင်မျိုးဟိန်းထွန်း၊ မောင်တေဇထိုက် (VIII အထက–၂၊ မရမ်းကုန်း)တို့၏ အဘိုးသည် ၂၂–၄–၂၀၀၄ရက် (ကြာသပတေးနေ့) ည ၉း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄–၄–၂၀၀၄ရက် (စနေနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မဖြူဖြူမြင့် (ကျိန္တလီ၊ ဂွ)

အကြီးတန်းစာရေး

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

(ရုံးချုပ်)

အသက်(၃၁)နှစ်

ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ ကျိန္တလီမြို့နေ ဦးကိုလေး(မူအုပ်)၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံနေ ဒေါ်ခင်မေရီတို့၏ သမီး၊ အခန်း ၂၊ တိုက် ၁၀၈၃၊ (ခ)လိုင်း၊ ဗဟိုနိုင်ငံရေး၊မင်္ဂလာဒုံနေ ဒုတကဝင်းစိုး (တပ်မတော်–ရေ)–ဒေါ်ချိုချိုဝင်းတို့၏ တူမသည် ၂၃–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၄–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံတော်က လျှပ်စစ်ဓာတ်အားစီမံကိန်းများ ဦးစားပေးအကောင်အထည်ဖော်လျက်ရှိ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်သွားမည် နိုင်ငံတော်သစ်တည်ဆောက်ရေး လျှပ်စစ်အင်ဂျင်နီယာများ၏စွမ်းပကားဖော်ထုတ်ပြသ

ရန်ကုန် ဧပြီ ၂၃

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးဦးစိုးသာ၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ယနေ့နံနက် ၈နာရီတွင် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှ ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ▼

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပဲခူးတိုင်း ဖြူးမြို့နယ်ရှိ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နှစ်သီးစားမှ သုံးသီးစားစိုက်ပျိုးနိုင်တော့မည့် ဆားလင်းကြီးမြို့နယ်ရှိ ငွေသာရေလှောင်တမံ

ကွင်းဆင်းလေ့လာရေးသားသူ - ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်းတင် - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်စိုက်ပျိုးသီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် အကြီးစား၊ အလတ်စား၊ အသေးစား ဆည်မြောင်းစီမံကိန်းလုပ်ငန်းများကို ပြည်နယ်တိုင်း အသီးသီးတွင် အရှိန်အဟုန်ဖြင့် မြှင့်တင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းတွင်ပါဝင်သည့် ငွေသာရေလှောင်တမံစီမံကိန်းကို အလတ်စား ဆည်မြောင်းစီမံကိန်းတစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

စတင်ဆောင်ရွက်

စစ်ကိုင်းတိုင်း မုံရွာခရိုင်ရှိ ရှစ်မြို့နယ်အနက် မိုးရွာသွန်းမှုနည်းပါးပြီး ပူပြင်းခြောက်သွေ့သည့် မြို့နယ်တစ်ခုဖြစ်သည်။ မိုးရေတစ်ခုတည်းကိုသာ အားထားစိုက်ပျိုးနေရသည့် မြို့နယ်ဖြစ်သော ဆားလင်းကြီးမြို့နယ်တွင် ငွေသာရေလှောင်တမံကို တည်ဆောက်ပေးခြင်းဖြင့် ဒေသအတွင်း စိုက်ပျိုးရေ၊ သောက်သုံးရေဖူလုံရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့ ဖြစ်ပေါ်လာမည်ဖြစ်ပေရာ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ ၂၇-၅-၂၀၀၃ရက် နေ့စွဲပါ ခွင့်ပြုချက်ရယူပြီး စီမံကိန်းလုပ်ငန်းကို ၂၀၀၂ခုနှစ် အောက်တိုဘာတွင် စတင်ဆောင်ရွက်ခဲ့သည်။ *စာမျက်နှာ ၁၃ ကော်လံ ၁* ✳

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ငွေသာကျေးရွာတွင် တည် ဆောက် လျက် ရှိ သည့် ငွေသာရေလှောင်တမံစီမံကိန်း ရေထုတ်ပြွန်မှ ထွက်ရှိလာမည့် ရေထွက်တူးမြောင်းကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း- သိန်းဝင်းလေး(မြန်မာ့အလင်း)

မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ နှစ်(၅၀)ပြည့် ရွှေရတုဖြတ်သန်းခဲ့ပြီ

သတင်းဆောင်းပါး - တိုးနိုင် (သတင်းစဉ်)၊ ဓာတ်ပုံ - ညိုမောင် (သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံကား သက်တမ်းအားဖြင့် နှစ်(၅၀)တိုင်ခဲ့ပေပြီ။ ရွှေရတုကာလသို့ ဖြတ်သန်းဝင်ရောက်ခဲ့သဖြင့် ရွှေရတုအခမ်းအနားကျင်းပမည့် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတည်ရှိရာ အင်းစိန်မြို့နယ် ကြို့ကုန်းသို့သွားရောက်ခဲ့ကြသည်။ ဆေးဝါးစက်ရုံမုခ်ဦးရောက်သည်နှင့် ဝန်ထမ်းများသည် အပြုံးကိုယ်စီဖြင့် ရွှေရတုသဘင် အခမ်းအနားတက်ရောက်ရန် တဖွဲဖွဲလာရောက်နေကြသည်ကိုတွေ့ရသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ■

ယနေ့ထုတ်စောင်ရေ ၂၀၁၀၃၅